ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ Saturday, 18 July 2020 ၁၀၀၇၇



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။

# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်ပါခံစားခွင့်များသည် COVID – 19 ကြောင့် ထိခိုက်လာမှုများ၊ သက်ရောက်လာမှုများအပေါ် သင့်လျော်သည့်ကုစားမှုများ ပြုလုပ်နိုင်ရန် ထုတ်ပြန်ရခြင်းဖြစ်

နေပြည်တော် ဇူလိုင် ၁၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးရာတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဖြင့်လည်းကောင်း၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဤအမိန့်သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် သက်ဆိုင်သည့်အမိန့်ဖြစ်ပါကြောင်း၊ အဆိုပါအမိန့်အရ စရိတ်နုတ်ပယ်ခွင့် နှစ်ရပ်နှင့် အခွန်ခုနှိမ်ခွင့်နှစ်ရပ် စုစုပေါင်း အခွန်ဆိုင်ရာ သက်သာခွင့် လေးရပ်ကို ခွင့်ပြုပေးထားခြင်း ဖြစ်ပါကြောင်း၊ ယင်းအမိန့်ကို အချိန်ကိုက် ထုတ်ပြန်ဆောင်ရွက်ခဲ့ရမှုနှင့်ပတ်သက်၍ ဤအမိန့်ပါခံစားခွင့်များသည် COVID–19 ကြောင့် ထိခိုက်လာမှုများ၊ သက်ရောက်လာမှုများအပေါ် သုံးသပ်ပြီးမှ သင့်လျော်သည့်ကုစားမှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ခဲ့ရခြင်းကြောင့် ယခုကဲ့သို့ ထုတ်ပြန်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

အဆိုပါ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်ဖြင့် ခံစားခွင့်ပြုလိုက်သည့် အခွန်ဆိုင်ရာသက်သာခွင့်များနှင့် စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန် လုပ်ထုံးလုပ်နည်း၊ တွက်ချက်မှုနမူနာ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/ ၂၀၂၀ဖြင့် ထပ်ဆင့်ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ COVID – 19 Economic Relief Plan သည် COVID – 19 ကြောင့် လက်ရှိရင်ဆိုင်နေရသည့် အရေးပေါ်ကိစ္စရပ်များအတွက် ဖြေရှင်းရုံသာမက မြန်မာနိုင်ငံ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

**နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာ**

စာမျက်နှာ » ၄

(၇၃)နှစ်မြောက် အာဇာနည်နေ့အကြိုဆောင်းပါး

**ဘာဘကြီးပြောပြသော ဗိုလ်ချုပ်အောင်ဆန်းအကြောင်း**

စာမျက်နှာ » ၈



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ်၊ Myanmar Developer Associations၊ မြန်မာ့ဆေးလိပ်နှင့် ဆေးရွက်ကြီး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများ အသင်းတို့မှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

■



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၅၀၀ | ၆၀၃ | ၆,၃၁၀,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၁,၂၉၁ | ၄,၉၆၇,၃၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၈,၁၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၇၅၀ | ၁,၁၉၈ | ၃,၂၇၈,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၇

**ရန်ကုန်(ရွှေဈေး) ၁၂၅၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၅၁၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၅ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၈၀.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၄.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၂၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၅၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၃၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၀၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၅.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၂.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၈.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

# ဗုဒ္ဓဟောကြား အာဇာနည်ယောကျ်ားကဲ့သို့

အာဇာနည်တို့၏အကြောင်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်က အရှင်အာနန္ဒာ၏ မေးလျှောက်ချက်နှင့်ပတ်သက်၍ ဗုဒ္ဓရှင်တော်ဘုရားက ဖြေကြားခဲ့သည်မှာ “အို အာနန္ဒာ လူယောကျ်ားမြတ် အာဇာနည်မည်သည်ကား လွန်စွာဖြစ်ခဲလှစွာ၏။ ထိုအာဇာနည်ယောကျ်ားမျိုးကား နေရာခပ်သိမ်း၊ လူခပ်သိမ်းတို့၌ မဖြစ်လေ။ အကယ်၍ အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသော ထိုအာဇာနည်ပုဂ္ဂိုလ်မျိုးသည် အကြင်သို့သော တိုင်းနိုင်ငံ၊ အကြင်သို့သော အရပ်ဒေသ၊ အကြင်သို့သော လူမျိုး၌ တစ်ရံတစ်ဆစ် ဖြစ်ထွန်းလာသည် ဖြစ်လေအံ့။ ထိုတိုင်းနိုင်ငံ၊ ထိုအရပ်ဒေသ၊ ထိုလူမျိုးသည် ချမ်းသာခြင်းရှိသည်ဖြစ်ရာ ကြီးပွားသတည်း” ဟု ၁၉၆၉ ခုနှစ်က ဆရာကြီး ဒဂုန်ဦးစန်းငွေက “အာဇာနည်တို့၏ သမိုင်းရေစီးကြောင်း ဆောင်းပါး” တွင် ရေးသားဖော်ပြခဲ့သည်ကို မှတ်သားဖူးသည်။

ဗုဒ္ဓအလိုအရ အာဇာနည်ပုဂ္ဂိုလ်တို့သည် ရာစုနှစ်တစ်ခုတွင် တစ်ယောက်ပေါ်ပေါက်ခဲသော ပုဂ္ဂိုလ်ထူးဖြစ်သည်။ ဗုဒ္ဓအလိုကျ အာဇာနည်ပုဂ္ဂိုလ်သည်ကား ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ မြန်မာ့သမိုင်းစဉ်တစ်လျှောက် တစ်ယောက်ဆိုတစ်ယောက် ပေါ်ပေါက်ခဲသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ ထိုကဲ့သို့သော အာဇာနည်ပုဂ္ဂိုလ်မျိုးသည် ပေါ်ထွန်းခဲသည်ဖြစ်၍ ထိုအာဇာနည်ပုဂ္ဂိုလ်တို့ကဲ့သို့ စိတ်ထားရှိသူများဖြစ်လာအောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။ လောကတွင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအာဇာနည်၊ လူအာဇာနည်များ အမြောက်အမြား ပေါ်ပေါက်ခဲ့ပါသည်။ ထိုယောကျ်ားအာဇာနည်တို့သည်ကား ကိုယ်ကျင့်သီလသိက္ခာနှင့်ပြည့်စုံပြီး မိမိတို့ရပ်ရွာ၊ မြို့နယ်ခရိုင်၊ တိုင်းနိုင်ငံအကျိုးအတွက် နောက်ဆုံးထွက်သက်အထိ ပြုလုပ်စွမ်းဆောင်နိုင်သည့် စွမ်းအား၊ လုံ့လ၊ ဝီရိယ ပြည့်စုံသူတို့ ဖြစ်သည်။

ထိုကဲ့သို့အာဇာနည်ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ အာဇာနည်အဖြစ် ကျင့်ကြံအားထုတ်လိုသူတို့သည် ခေတ်သမိုင်း၌ ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဗုဒ္ဓအလိုကျ အာဇာနည်ပုဂ္ဂိုလ်မျိုးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးပမ်းအားထုတ်ရမည် ဖြစ်သည်။ အာဇာနည်ကဲ့သို့ ပုဂ္ဂိုလ်သည် မိမိနေအိမ်ပတ်ဝန်းကျင်တွင်ရှိလျှင်ပင် ထိုပတ်ဝန်းကျင်သည် ကျက်သရေမင်္ဂလာပြည့်စုံကာ အေးချမ်းပေသည်။ ရပ်ထဲရွာထဲ အာဇာနည်စိတ်ဓာတ်ရှိသူများ ဦးစီးခေါင်းဆောင်ပြုလျှင် ထိုရပ်ရွာသည် အေးချမ်းသာယာသည်။ ဖွံ့ဖြိုးတိုးတက်သည်။ အာဇာနည်ခေါင်းဆောင်တို့၏ ဂုဏ်ရည်ကို ခြုံငုံသုံးသပ်ကြည့်လျှင် နှလုံးသွင်းကောင်းသည့် လက္ခဏာကို တွေ့ရမည် ဖြစ်သည်။

နှလုံးသွင်းကောင်းသောသူသည် အကောင်းမြင်ဝါဒရှိသည်နှင့်အတူ အများအကျိုးအတွက် အနစ်နာခံဆောင်ရွက်နိုင်ရေးတွင် ဝန်မလေးတော့ပေ။ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ရပ်ရွာ၊ မြို့ပြနိုင်ငံနှင့် မိမိတို့လူမျိုးဖွံ့ဖြိုးရေးအတွက် မိမိတို့၏စိတ်ဓာတ်နှင့် အပြုအမူတို့ကို ဆင်ခြင်စစ်ဆေး၍ နှလုံးသွင်းကောင်းသူများဖြစ်အောင် ဦးစွာကြိုးစားအားထုတ်သင့်သည်။ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် စစ်ဆေးသည်နှင့် ပြုပြင်သင့်သောအချက်များ များစွာတွေ့မည်ဖြစ်သည်။ ယင်းတို့ကို ကြိုးစားပြုပြင်ပြီး နှလုံးသွင်းကောင်းကောင်းဖြင့် အများအကျိုးအတွက် အနစ်နာခံဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားအားထုတ်ကြပါလျှင် အများကြည်ညိုလေးစားသည့် အာဇာနည်ယောကျ်ားများ ဖြစ်ကြပါလိမ့်မည်။

ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တစ်ခေတ်တွင် တစ်ယောက် စစ်စစ်ပေါက်ပေါက် ပေါ်ထွန်းခဲ့သည့် အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်သားလိုက်နာဖွယ်ရာအချက်များကို အစဉ်မပြတ်သတိပြုလေ့လာခဲ့ကြပေသည်။ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းထားချက် အစီအစဉ်များကို တတ်နိုင်သလောက်ကြိုးစား၍ အကောင်အထည်ဖော်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်ချက်ဝါဒကို ကြိုးစား၍လိုက်နာခြင်းစသည်တို့ကို ဆောင်ရွက်ကြလျှင်လည်း အများပြည်သူနှစ်သက်လက်ခံသည့် အာဇာနည်ယောကျ်ားကောင်းများ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့သည် နိုင်ငံတော်၏ကျေးဇူးရှင် မြန်မာ့ခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ကျေးဇူးသိကြပါသည်။ ကျေးဇူးတုံ့ပြန်လိုကြပါသည်။ သို့ဆိုလျှင် မိမိကိုယ်ကိုမိမိ ကောင်းသော နှလုံးသွင်းလျက် အများအကျိုးအတွက် အနစ်နာခံဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မျက်မှောက်ကာလ လောက၏အာဇာနည်ယောကျ်ားကောင်းများ ဖြစ်လာအောင် ကြိုးစားအားထုတ်နိုင်ပါသည်။

သို့ဖြစ်ရာ မြန်မာပြည်တစ်ခွင် အာဇာနည်ယောကျ်ားကောင်းများ ပေါ်ထွန်းလာရေးအတွက် နှလုံးသွင်းကောင်းစွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောစေမည့် ဗုဒ္ဓအလိုကျ ချမ်းသာခြင်းကို ဆောင်ကြဉ်းနိုင်မည် ဖြစ်ပါကြောင်း။ ။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | | **ဓာတ်ပုံသတင်းထောက်** | – ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | | **စာပြင်** | – ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့ |
| **အကြီးတန်း** | – ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့ |

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်လည်း ချိတ်ဆက်ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ COVID – 19 ကြောင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများ လျော့နည်းစေရန် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၂၀၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်အား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါအမိန့်ကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၀၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် ယင်းအမိန့်ပါ အာဏာတည်ရမည့်အချိန်ကာလကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

## ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပဲခူး–သန်လျင်လမ်း၊ ရန်ကုန်မြို့အပြင် မြို့ပတ်လမ်း၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတို့နှင့် ဆက်စပ်၍ ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်သွယ်ချိတ်ဆက်သွားလာနိုင်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ပြည်တွင်းမှ ဝယ်ယူသုံးစွဲမည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသားအင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါကြောင်း။

COVID–19 Economic Relief Plan (CERP) ၏ Goal 2 တွင်ပါရှိသော မဟာဗျူဟာ 2.3.3 အရ နိုင်ငံအတွက်အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အတိုးနှုန်းသက်သာသော ဖွံ့ဖြိုးရေးချေးငွေဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်တွင် ပဲခူး–ကျိုက်ထို အမြန်လမ်းစီမံကိန်းအား လျာထားထည့်သွင်းထားပါကြောင်း၊ ထို့ပြင် CERP Goal 3 ၏ ရည်ရွယ်ချက်ဖြစ်သော နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် COVID အလွန်ကာလ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအား များစွာလွှမ်းခြုံအထောက်အကူဖြစ်စေမည့် စီမံကိန်းလည်းဖြစ်ပါကြောင်း။

ယခုချေးငွေ ရယူဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းတွင်လည်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများခေါ်ယူပြီးသည့်အခါ စီမံကိန်းတန်ဖိုးအနေဖြင့် ယခင် ADB ချေးငွေဖြင့် ဆောင်ရွက်ခဲ့သော စီမံကိန်းများနည်းတူ စီမံကိန်းတန်ဖိုးလျှော့ချနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် နိုင်ငံတကာအဆင့်မီ ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သည့် အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းအား အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးယူမည့်ကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဤချေးငွေစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့နှင့်လည်း ကိုက်ညီမှုရှိသည်ကိုတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက က ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

## ပဲခူး-ကျိုက်ထို လမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် JICA ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး–ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက East – West Economic Corridor Highway Development Project (New Bago – Kyaikto Highway Section)စီမံကိန်းအတွက် ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် ဆောင်ရွက်မည့် စစ်တောင်းမြစ်ကူးတံတား(ကျိုက်ထို)နှင့် သုဝဏ္ဏသင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းအတွက် ချေးငွေအနေဖြင့် ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅၅ ဒသမ ၀ သန်း)ဖြစ်ပြီး အတိုးနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်၍ ပြန်ဆပ်ကာလ နှစ် ၄၀ ဖြစ်ပါကြောင်း။

စစ်တောင်းမြစ်ကူးတံတား(ကျိုက်ထို)သည် ပဲခူး–ကျိုက်ထို အမြန်လမ်းသစ် စီမံကိန်းအပိုင်းတွင် တည်ဆောက်မည်ဖြစ်သည့်အတွက် GMS (မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး)၊ EWEC (အရှေ့–အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၊ AH1 (အာရှအမြန်လမ်းမကြီးအမှတ်–၁)တို့နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ စစ်တောင်းမြစ်ကူးတံတား(ကျိုက်ထို) တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေခြင်းအပြင် ပြည်တွင်း/ ပြည်ပကုန်သွယ်မှု ပိုမိုတိုးတက်လာခြင်း၊ လမ်းမသစ်ကြီး ဖြတ်သန်းရာ လမ်းဘေးဝဲ/ယာ၌လည်း စိုက်ပျိုးရေး၊ ကုန်ထုတ်ကဏ္ဍ အလားအလာကောင်းများ ဖြစ်ထွန်းလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း။

ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)အား အဆင့်မြှင့်တင်ပြီးပါက Training Centre နှင့် Vocational Training Centre၊ Research Laboratory တို့ကို ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး သုတေသနဓာတ်ခွဲခန်းတွင်လည်း Cutting machine for brick၊ Bending machine for rebar၊ Tying machine for rebar၊ Total station၊ wind tunnel test အစရှိသည့် ဂျပန်နိုင်ငံတွင် လက်ရှိအသုံးပြုနေသော ခေတ်မီစက်ပစ္စည်းတို့ကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရန်ကုန်နည်းပညာတက္ကသိုလ် Center of Excellence နှင့် ဓာတ်ခွဲခန်းနည်းပညာများ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့်အတွက် နည်းပညာတက္ကသိုလ်ကျောင်းသားများအနေဖြင့် အဆိုပါ ဓာတ်ခွဲခန်းများနှင့် ဆက်စပ်လုပ်ငန်းများကို လာရောက်အသုံးပြုပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပဲခူး–ကျိုက်ထို လမ်းသစ်ပိုင်းတည်ဆောက်ခြင်း စီမံကိန်းတွင် ပါဝင်သော စစ်တောင်းမြစ်ကူးတံတား (ကျိုက်ထို) အရှည် မီတာ ၂၀၀၀ (၆၅၆၂ ပေ)တည်ဆောက်ခြင်းစီမံကိန်းနှင့် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ) အဆင့်မြှင့်တင်ခြင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံချေးယူမည့်ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေစီမံကိန်းသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတို့နှင့် ကိုက်ညီမှုရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(၂၀၁၈–၂၀၃၀)၏ မဟာဗျူဟာ ၃ ဒသမ ၄ တွင်ရှိသည့် Action Plan များနှင့်လည်း ကိုက်ညီသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏သဘောထား မေးမြန်းအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ်အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာသည်။

ထို့နောက် ဝင်ငွေခွန်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

## COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ဆက်လက်၍ COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(COVID–19 Economic Relief Plan–CERP)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက COVID–19 ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်သက်သာရေးစီမံချက်(COVID–19 Economic Relief Plan–CERP)နှင့်စပ်လျဉ်း၍ ပန်းတိုင် ခုနစ်ခု၊ မဟာဗျူဟာ ၁၀ ခု ဆောင်ရွက်ရမည့် စီမံချက် ၃၆ ခု အရေးယူဆောင်ရွက်မှု ၇၆ ချက်များဖြင့် ဖော်ပြထားသည့်အစိုးရ၏ စီးပွားရေးကုစားမှု အစီအစဉ်တွင် ရောင်းလိုအားပြန်လည်လည်ပတ်စေရန် ဆောင်ရွက်ချက်များ၊ ဝယ်လိုအားများဖြစ်သည့် အိမ်ထောင်စုများ၊ အလုပ်သမားများအတွက် စီးပွားရေးအရကုစားပေးသည့် စီမံချက်များပါရှိသည်ကို တွေ့ရပါကြောင်း။

ရေတိုစီမံချက်ဖြစ်၍ နှစ်ပေါင်းများစွာ မြင့်မားနေသည့် ဘဏ်အတိုးနှုန်းများကိုလည်း လပိုင်းအတွင်း လျှော့ချခြင်းများ၊ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများကို အတိုးနှုန်းလျှော့ပေးပြီး ချေးယူနိုင်သည့် အစီအမံများ၊ ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာ့စီးပွားရေးလုပ်ငန်းများကို အသစ်ထုတ်ချေးပေးသည့် ဘဏ်ချေးငွေကို အစိုးရက ၅၀ ရာခိုင်နှုန်းအာမခံပေးခြင်းများ၊ ကူးသန်းရောင်းဝယ်ရေးဘဏ်အချို့ကို ငွေကြေးထောက်ပံ့ရန် ရန်ပုံငွေထူထောင်ခြင်းများပါရှိသကဲ့သို့ ပို့ကုန်များအပေါ်ပေးရသည့် ၂ ရာခိုင်နှုန်းအခွန်ကို လျှော့ပေါ့ခြင်းများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများကို အကောက်ခွန်နှင့် ကုန်သွယ်ခွန်များ လျှော့ပေးခြင်းများပါဝင်ပြီး စီးပွားရေးလုပ်ငန်းများကို ငွေလည်ပတ်စေရန် ရည်ရွယ်ထားသည့်အတွက် ဈေးကွက်ထဲတွင် အထိုက်အလျောက် ငွေကြေးစီးဆင်းမှုကို ပြန်လည်တွေ့ရနိုင်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသူရိန်ဇော်က ယခုတင်ပြသည့် CERP သည် ရေတိုကုစားမှုသာဖြစ်ပါကြောင်း၊ ကာလလတ်နှင့် ကာလရှည်အတွက် COVID–19 Impact Assessment အပေါ် အခြေခံပြီး နိုင်ငံတကာဖြစ်စဉ်များကိုသုံးသပ်၍ မိမိတို့နိုင်ငံအတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူတို့အားလုံး တပေါင်းတစည်းတည်း လက်တွဲညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်ပြီး ရောဂါဆိုးကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက CERP ၏ စီမံချက်အရ လုပ်ဆောင်မှုရလဒ်များကို စောင့်ကြည့်ခြင်းအပိုင်းတွင် တာဝန်ရှိအဖွဲ့အစည်းများက စောင့်ကြည့်ခြင်းအစား လုပ်ငန်းကော်မတီက တာဝန်ယူစောင့်ကြည့်သင့်ပါကြောင်း၊ ဖြစ်နိုင်ပါက နိုင်ငံတော်၏ အထွတ်အထိပ်တွင်ရှိသည့် အုပ်ချုပ်ရေးအကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတကိုယ်တိုင် စီမံချက်တစ်ခုလုံးကို ဦးဆောင်ပြီး လမ်းညွှန်ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကြံပြုဆွေးနွေးလိုပါကြောင်း၊ CERP သည် ရေတိုစီမံချက်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)နှင့် ချိတ်ဆက်ထားခြင်းမရှိသေးသည့်အတွက် မျှော်မှန်းချက်များ လွဲချော်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် ပေါင်းစပ်ချိတ်ဆက်ရေးကို မြန်မာပြည်သူများ၏ လက်ရှိ ပကတိလူနေမှုအခြေအနေဘဝနှင့် ကမ္ဘာ့အခြေအနေတို့ကိုတွက်ဆပြီး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းစီမံချက်နှင့် စပ်လျဉ်း၍ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးစောကြည်နိုင်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းသန့်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှဆန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

○ ကျောဖုံးမှ

ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာလွှတ်တော်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များကိုလည်း သတ်မှတ်ကြေညာပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိရေးအတွက် ၂၀၁၉ ခုနှစ်မှစတင်၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

**မဲစာရင်းကပ်ထားကြေညာ**

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက် ကပ်ထားကြေညာပေးမည်ဖြစ်ပါကြောင်း၊ မဲစာရင်းကပ်ထားချိန်တွင် မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှု၍ မိမိအမည် မပါရှိက ပုံစံ (၃) ဖြင့် ထည့်ပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သည့် အမည်များ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်းနှင့် မဲစာရင်းတွင် ပါဝင်သည့် အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်ပေးရန် တောင်းဆိုနိုင်ပါကြောင်း၊ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ ရွေးကောက်ပွဲ၌ မဲပေးနိုင်မည်ကို ပြည်သူများသိစေချင်ပါကြောင်း၊ မဲစာရင်းကပ်ထားကြေညာချိန်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သွားရောက်ကြည့်ရှုကြရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မဲဆန္ဒရှင်များကို အသိပညာပေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာပြီး တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်းများကို ဖြည့်စွက်ပြင်ဆင်ဆောင်ရွက်ပြီးနောက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာလအတွင်းတွင် ၁၄ ရက် ထပ်မံကပ်ထားကြေညာမည်ဖြစ်ကြောင်း။

ဒုတိယအကြိမ် ကပ်ထားကြေညာချိန်တွင်လည်း တောင်းဆိုချက်၊ ပြင်ဆင်ချက်များကို ဆောင်ရွက်နိုင်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ INGO၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၄၀၀၀၀ ကျော် လျာထားသတ်မှတ်ထားပါကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလနှင့် ရွေးကောက်ပွဲ ကျင်းပစဉ်ကာလများတွင် ပဋိပက္ခများ၊ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အတူ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး မဲရုံလုံခြုံရေးအတွက် အထူးရဲများ ခန့်အပ်တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆိုရှယ်မီဒီယာအပေါ်က သတင်းအမှားများ၊ အမုန်းစကားများ ဖြန့်ဝေမှုများကို တားဆီးကာကွယ်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှန်ထုတ်ပြန်ခြင်းကို ကော်မရှင်ရုံးတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ လေ့လာခွင့်လျှောက်ထားနိုင်ကြောင်းကို ကြေညာပေးခဲ့ပြီး ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တင်ပြဆွေးနွေးခဲ့ကြပြီး ကော်မရှင်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်နှင့် အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သော m-Banking, e- Banking, i- Banking, Mobile Payment စနစ်များဖြင့်လည်းကောင်း၊ MPU Corporate Debit Card အသုံးပြု၍ Online မှ လည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းကို လုပ်ငန်းခွင်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ အခွန်ပေးဆောင်နေရမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ထမ်းကုမ္ပဏီမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၃။ လစာဝင်ငွေခွန်ပေးဆောင်မှုမှတ်တမ်းအဖြစ် မှတ်တမ်းစာအုပ် ထုတ်ပေးခြင်းအစား ဌာန၏ Data Center နှင့် ချိတ်ဆက်၍ မိုဘိုင်းလ်ဖုန်းစနစ် (Mobile App)ဖြင့် အခွန်ပေးဆောင်ထားရှိမှု အချက်အလက်များကို ကြည့်ရှုနိုင်ရန် ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်နှင့် ချိတ်ဆက်၍ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြုပြီး လွယ်ကူလျင်မြန်စွာနှင့် လုံခြုံစိတ်ချစွာဖြင့် ပေးဆောင်နိုင်ပါသည်။

၅။ ယင်းသို့ အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား/ ချက်လက်မှတ်များ အသုံးပြု၍ လူကိုယ်တိုင်လာရောက် အခွန်ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်ရသည့်အချိန်နှင့် ကုန်ကျစရိတ်သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှု အန္တရာယ်မရှိနိုင်ခြင်းနှင့် အလွဲသုံးစားနှင့် မသမာမှု အန္တရာယ်များ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

၆။ အီလက်ထရောနစ် ငွေပေးချေမှုစနစ်အား အသုံးပြု၍ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာ အီလက်ထရောနစ် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများမှ အခွန်ထမ်းသို့ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလွှဲပြောင်း လက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို အခွန်ထမ်းသို့ email အသုံးပြုပေးပို့ အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ စတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number-TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးသွင်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၈။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် သိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)အမှတ်-၅၉/၆၁(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅လမ်း၊ ၂၂x၂၃လမ်းကြား၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဒုတိယဝန်ကြီး ဦးမြင့်ကြိုင် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားများ ဆောင်ရွက်ထုတ်ပေးမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်းတို့သည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၌ ရပ်ကွက်ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဝန်ထမ်းများက အချက်အလက်များ ကောက်ယူဖြည့်သွင်းဆောင်ရွက်ခြင်းလုပ်ငန်းအား ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်ပြည်သူတစ်ဦးချင်းထံ အသီးသီးပေးအပ်ကြသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စဉ်ဆက်မပြတ်ဆောင်ရွက်ထုတ်ပေးလျက်ရှိရာ အဆိုပါ ဆောင်ရွက်မှုတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၃၀၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့် လဲလှယ်သူ ၂၀၊ ပျောက်ဆုံး/ ပျက်စီးသဖြင့် မိတ္တူလျှောက်ထားသူ သုံးဦး စုစုပေါင်း ရပ်ကွက်နေပြည်သူ ၅၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၌ ဝန်ထမ်းများက အလုပ်သမားမှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားသူများအား အချက်အလက်များ မေးမြန်းဖြည့်သွင်းဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါဆောင်ရွက်မှုတွင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၅၂၂ ဦး စုစုပေါင်း ၆၃၀ အား အလုပ်သမားမှတ်ပုံတင်လက်မှတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူနှင့် ဦးဝင်းမောင်တို့နှင့်အတူ လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၌ အလုပ်သမားမှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဝန်ထမ်းများက ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်၍ ဒေသခံပြည်သူ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၄၈၅ ဦး စုစုပေါင်း ၅၂၃ ဦးအား အလုပ်သမားမှတ်ပုံတင်လက်မှတ်များ နေ့ချင်းပြီး ဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံကိုလည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ ခရိုင်ဆေးရုံနှင့် တိုင်းရင်းဆေးခန်းတို့၌ အကျိုးဝင်လုပ်သားများအား ကျန်းမာရေးစောင့်ရှောက်ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်းနှင့် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ရုံးအဆောက်အအုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်သာယာ (အရှေ့) မြို့နယ်ဦးစီးမှူးရုံး၌ (အရှေ့)နှင့် (အနောက်) မြို့နယ်ရှိ ဒေသခံပြည်သူများအား ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများထံ တစ်ဦးချင်းပေးအပ်ကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါဆောင်ရွက်မှုတွင် လှိုင်သာယာ(အရှေ့)မြို့နယ် အမှတ်(၅)ရပ်ကွက်၌ အသက် ၁၈ နှစ် ပြည့်ပြီးသူ ၁၀ ဦး၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့်လဲလှယ်သူ သုံးဦး၊ ပျောက်ဆုံး/ ပျက်စီးသဖြင့် မိတ္တူလျှောက်ထားသူ လေးဦး စုစုပေါင်း ၁၇ ဦးကို လည်းကောင်း၊ (အနောက်) မြို့နယ် (၁၆)ရပ်ကွက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၇၇ ဦးကို လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

**နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့
နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို

**ရန်ကုန် ဇူလိုင် ၁၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုသည်။

**ဖူးမြော်ကြည်ညို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာန၊ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ စာဖြေသံဃာတော်များ ဖြေဆိုမှုကို ကြည့်ရှုကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် အဘိဓမ္မာရတနာဃရ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ စာဖြေဌာနသို့ သွားရောက်ပြီး ကြည့်ရှုကြည်ညို၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စာမေးပွဲဖြေဆိုကြသည့် စာဖြေသံဃာတော်များ ဖြေဆိုမှုကို ကြည်ညိုခဲ့သည်။



**ဆက်ကပ်လှူဒါန်း**

အလားတူ ဒုတိယဝန်ကြီး ဦးကြည်မင်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မြတောင်ကျောင်းတိုက်၊ ရာပြည့်ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပထမပြန်စာဖြေဌာနသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ချမ်းအေးသာစံမြို့နယ်၊ ပရိယတ္တိသာသနာ့ဟိတအသင်း သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် အစိုးရဓမ္မာစရိယ စာမေးပွဲစာဖြေဌာနသို့သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များအား ဆက်ကပ်လှူဒါန်းပြီး စာဖြေသံဃာတော်များ ဖြေဆိုမှုကိုကြည့်ရှုဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့၌ နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယ စာမေးပွဲ နဝမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၃၈၄ ပါးအနက် ၂၁၀ ဖြေဆိုကြသဖြင့် ၅၄ ဒသမ ၆၉ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန် စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၅၁၃၆ ပါး အနက် ၃၉၃၇၃ ပါး ဖြေဆိုကြသဖြင့် ၇၁ ဒသမ ၄၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အကျဉ်းထောင်၊ အလုပ်စခန်းများ၊ အချုပ်ထောင်၊ အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်တွင် ရမည်းသင်း အကျဉ်းထောင်၊ ရမည်းသင်းမြို့ပေါ်ရှိ တရားရုံး၊ ဆေးရုံ၊ ရဲစခန်း အချုပ်ခန်းများကိုလည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ကင်းသာ (၁၊ ၂) ကုန်ထုတ်စခန်းများကိုလည်းကောင်း၊ ယနေ့တွင် ပျဉ်းမနားမြို့မရဲစခန်း၊ အချုပ်ခန်း၊ နေပြည်တော်အချုပ်ထောင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ အကျဉ်းထောင်၊ အချုပ်ထောင်၊ ကုန်ထုတ်စခန်းများအတွင်းရှိ အကျဉ်းသား အကျဉ်းသူ အိပ်ဆောင်များ၊ ရိက္ခာဂိုထောင်တွင် ပစ္စည်းများထားရှိမှု၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များနှင့် စားဖိုကြီး၊ သောက်ရေနှင့်သုံးရေကန်များ၊ မိလ္လာများ၊ ထောင်ဝင်စာအခန်းများနှင့် လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လုပ်ဆောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများနှင့်တွေ့ဆုံကာ လူ့အခွင့်အရေးဖောက်ဖျက်မှုခံရခြင်း ရှိ၊ မရှိ၊ ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲများ ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိ၊ ကုန်ထုတ်စခန်းများတွင် အလုပ်ချိန်အတိုင်း ခိုင်းစေမှု၊ နေထိုင်စားသောက်ရေး အခြေအနေများ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများရရှိမှု ရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့ကြသည်။

ရဲစခန်း၊ တရားရုံး၊ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများကို တွေ့ဆုံ၍ အခက်အခဲများမေးမြန်းခြင်း၊ ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော အကျဉ်းသား အကျဉ်းသူတို့ကို တွေ့ဆုံ၍ အခက်အခဲများမေးမြန်းကာ လိုအပ်သည်များကို ဆေးရုံအုပ်ကြီး၊ ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် မဲခေါင်-ဂျပန် စက်မှုကဏ္ဍနှင့် အစိုးရများအကြား ဆွေးနွေးပွဲနှင့် အေမက်အရှေ့အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ပူးတွဲအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

(၁၃)ကြိမ်မြောက် မဲခေါင်-ဂျပန် စက်မှုကဏ္ဍနှင့် အစိုးရများအကြား ဆွေးနွေးပွဲနှင့် အေမက်အရှေ့အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့၏ (၁/၂၀၂၀)ကြိမ်မြောက် ပူးတွဲအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း ပါဝင်တက်ရောက်ဆွေးနွေးသည်။



**ပါဝင်တက်ရောက်**

အစည်းအဝေးတွင် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Saksayam Chidchob နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Shigehiro Tanaka တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး မဲခေါင်နိုင်ငံများ၏ ဒုတိယဝန်ကြီးများ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အေမက်အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

အစည်းအဝေး၌ ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသော လူမှုစီးပွားထိခိုက်မှုများနှင့် စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရေးအတွက် မဲခေါင်စက်မှုဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်(၂)၏ ဦးတည်ချက်ကို လိုက်လျောညီထွေဖြစ်စေရန်နှင့် လုပ်ငန်းအစီအစဉ်များ ဆက်လက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေကို တင်ပြရာ မဲခေါင်နိုင်ငံများ၏ ဒုတိယဝန်ကြီးများက အဆိုပါ မျှော်မှန်းချက်(၂)တွင် ထည့်သွင်းရန် နိုင်ငံအလိုက် အဆိုပြုထားသည့် စီမံကိန်းများနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက မဟာမဲခေါင်ဒေသတစ်ဝန်းတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်တွင် ရထားလမ်းနှင့် ကားလမ်းများ အသစ်ဖောက်လုပ်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အဆင့်မြှင့်တင်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ရန် စီမံကိန်းများအပါအဝင် မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးဆောင်ရွက်ရန် အဆိုပြုထားသည့် စီမံကိန်းများကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များနှင့် အဆိုပါလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေရေးအတွက် စံချိန်စံညွှန်းတိုးတက်စေမည့် အစီအစဉ်များကို လည်းကောင်း အဆိုပြုရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ မြန်မာ့မီးရထားနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

# လွမ်း...မျက်ရည်...မြေခပြီမို့

စနစ်အနေနဲ့ပြောင်းခဲ့ပေမယ့်
အဖြစ်ဟောင်းက....ဖြေသော်မပြေ
လွမ်း...မျက်ရည်....မြေခပြီမို့
တွေး တသသ...ဆွေးစ မရှင်ပေ
ရွှေရင်ဆူကဲ ကြေကွဲဝမ်းနည်းရပုံတွေ
ယနေ့ထက်တိုင်.... အခြေ
မမေ့ရက်နိုင်ပါလေ...
(အာဇာနည်ခေါင်းဆောင်ကြီးတွေ)၂
ကောင်းရာသုဂတိ ရောက်ရှိကြပြီလေ....
တေးကဗျာ အနုစာခွေရေးကာ
တေးပြု... အလေးပြုပါတယ်လေ ...

အာဇာနည်နေ့နီးလာရင် ကျွန်တော်တို့ငယ်ငယ်က ကြားနေကျ နားရည်ဝနေသော သီချင်းဖြစ်ပါသည်။ ရေးသူမှာ ဂီတာတင်အုံး ဖြစ်သည်။ နာမည်က "အလေးပြုပါသည်" ဖြစ်ပြီး အဆိုတော် အတော်များများ ပြန်လည် သီဆိုခဲ့ကြသည်။ သို့ရာတွင် ငယ်စဉ်ကပင် နားထဲစွဲနေသော အဆိုတော် မေလှမြိုင်၏ အသံကိုတော့ အမှတ်ရဆုံးဟု ဆိုရပါမည်။

ယခုဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၃) နှစ်ပင် ရှိပါပြီ။

(၁၉) ဇူလိုင်မမေ့နိုင်၊ ဇူလိုင် (၁၉) မျက်ရည်မိုး
မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး ဇူလိုင် တစ်ဆယ့်ကိုး

စသည့် အာဇာနည်နေ့ ဆောင်ပုဒ်လေးများမှာ ထာဝရရှင်သန်နေမည် ဖြစ်သည်။

အာဇာနည်နေ့ နီးလာသောကြောင့် အာဇာနည်နေ့နှင့် ပတ်သက်သော စာအုပ်စာစောင်များ စာအုပ်စင်မှာ ပြန်ရှာမိသည်။ အလွမ်းပြေ နှစ် (၇၀) ကျော် သက်တမ်းရှိပြီဖြစ်သော ဂျာနယ်တစ်စောင်ကို ပြန်လည်ဖတ်ရှုခံစား မိပါသည်။

"ဖ. ဆ .ပ .လ အဖွဲ့ချုပ်ကြီးဟာ အပြောမှားတာလဲရှိမယ်၊ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် ဖောက်ပြန်တာလဲရှိမယ်၊ အဖွဲ့အနေနဲ့တော့ ဘယ်တော့မှ မဖောက်ပြန်ဘူး၊ အင်္ဂလိပ်အစိုးရနဲ့ အေးအေးဆေးဆေး အာဏာလွှဲပြောင်း ယူလို့မရရင်ရတဲ့နည်းနဲ့လုပ်ဘို့ ပြောထားပြီးသားဘဲ၊ အပြင်းအထန်လုပ်ဘို့ ခင်ဗျားတို့ အဆင်သင့်ပြင်ထားဘို့လိုတယ်၊ ဆူပူသောင်းကျန်းမှုကို ဗမာပြည်က ပြင်ဘို့လိုတယ်၊ ဖ.ဆ.ပ.လ အဖွဲ့ချုပ်ဟာ အလုပ်လုပ်တဲ့နေရာမှာလိုသေးတယ်၊ ရှေ့ဆက်ပြီး ဒင်းကြမ်းလုပ်နိုင်မှ အနှစ် (၂၀)လောက်မှ တော်ရုံကျမယ်၊ လွတ်လပ်ရေးလိုချင်ရင် စည်းကမ်းသေဝပ်မှုတွေ ထိန်းသိမ်းထားပါ၊ စည်းကမ်း ရှိဘို့၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဘို့ ခင်ဗျားတို့ရဲ့ "အကျင့်"တွေကို ပြင်ဆင်ဖို့ ကျွန်တော်ပြောခဲ့မယ်"

အထက်ပါ မိန့်ခွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ မကျဆုံးခင် ၁၉၄၇ ခုနှစ် ဇူလိုင်လ(၁၃)ရက်တွင် ကျင်းပသော "နိုင်ငံရေးရှင်းပွဲကြီး"တွင် ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောသွားသော မိန့်ခွန်းမှဖြစ်ပါသည်။ ထိုမိန့်ခွန်းအား ၁၃၀၉ ခု၊ ဝါခေါင်လဆန်း (၉)ရက်။ ၁၉၄၇ ခု ဇူလိုင်လ ၂၆ ရက်။ (ဗိုလ်ချုပ်တို့ကျဆုံးပြီး(၇)ရက်မြောက်)နေ့တွင် ထုတ်ဝေသော "ဂျာနယ်ကျော်" ဂျာနယ်၏ ပထမစာမျက်နှာမှဖြစ်ပြီး "ဗိုလ်ချုပ်နောက်ဆုံး စကား ဤသို့မှာခဲ့သည်" ဟု ခေါင်းစဉ်တပ်၍ ဖော်ပြထားပါသည်။

ဂျာနယ်မှာ သက်တမ်းအားဖြင့် (၇၃)နှစ်ရှိပြီဖြစ်သည်။ "ဂျာနယ်ကျော်"ကို အင်္ဂလိပ်ဘာသာဖြင့် The Weekly Thunderer ဟုပေးထားပြီး ကွယ်လွန်သူ ပိုင်ရှင်အယ်ဒီတာချုပ် ဦးချစ်မောင် စတင်စီမံထုတ်ဝေခဲ့သည်ဟု ထိပ်ဆုံးတွင် ရေးသားထားသည်။ အယ်ဒီတာချုပ်မှာ ဦးဂုဏ်ရောင်ဖြစ်ပြီး အယ်ဒီတာမှာ ဦးလှကြည် ဖြစ်ပါသည်။



ဗိုလ်ချုပ်အောင်ဆန်း ရွှေတိဂုံအနောက်ဘက်စောင်းတန်းအဆင်း၌ မိန့်ခွန်းပြောကြားစဉ်။

ဂျာနယ်အရွယ်မှာ 25 cm x 37 cm ဖြစ်ပါသည်။ ဂျာနယ်အမှတ်မှာ (၆) ဖြစ်၍ ဂျာနယ်သက် ရက်လေးဆယ်ကျော်မျှသာ ရှိပါသေးသည်။

"ဂျာနယ်ကျော်" ပုံနှိပ်တိုက်အတွက် ဦးဘိုးလှူက ပုံနှိပ်ထုတ်ဝေပြီး အလုပ်တိုက်မှာ ၁၂၄-၁၂၆ ပန်းဆိုးတန်း(ဖယ်ရာလမ်း) ရန်ကုန်ဟု ဖော်ပြထား ပါသည်။ ဂျာနယ်၏ လပေးကြည့်ရှုနှုန်းကို ဖော်ပြထားရာ ရန်ကုန်မြို့အတွက် (၃)လ၊ (၁၃)စောင်၊ (၁၂)ကျပ်ဟု ဖော်ပြပါရှိပါသည်။

ဂျာနယ်တစ်စောင်လုံးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ဈာပနပြင်ဆင်ထားပုံများ၊ ဈာပနကျင်းပပုံများ ကို အကျယ်တဝင့် ဖော်ပြထားပါသည်။

လုပ်ကြံသည့်နေ့တွင် ခရီးထွက်နေ၍ အစည်းအဝေးမတက်ရောက်နိုင် သောဝန်ကြီးဦးစောစံဘိုးသင်နှင့်ဦးကျော်ငြိမ်း၊အစည်းအဝေး၌ရှိနေသော်လည်း ကံမကုန်သေး၍ လွတ်မြောက်ခဲ့သူ ဝန်ကြီးဦးဘဂျမ်းတို့၏ သတင်းဓာတ်ပုံများ လည်း ဖော်ပြထားပါသည်။

နှစ်ပေါင်း (၇၃)နှစ်က ထုတ်ဝေသော ဂျာနယ်ဖြစ်သော်လည်း ဂျာနယ် အင်္ဂါရပ်များနှင့်အညီ သတင်းများ၊ သတင်းဆောင်းပါး၊ ဆောင်းပါးများနှင့် ဝတ္ထုတိုများ ပါဝင်ကြောင်းတွေ့ရပါသည်။

မြန်မာအစိုးရ အတွင်းဝန်ရုံး၊ အစိုးရအဖွဲ့ အစည်းအဝေးခန်းမကြီးတွင် လူသတ်သမားများ၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့ကြသော အာဇာနည် ခေါင်းဆောင်ကြီးများ၏ သမိုင်းတွင်သည့်အဖြစ်အပျက်နှင့် သမိုင်းဝင် သွားသော ဂျာနယ်တစ်စောင်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ ။

**ဇော်မြင့်(စစ်ကိုင်း)**

## (၇၃)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရ

# ရဲဘော်ကိုထွေး( ၁၉၂၉ - ၁၉၄၇)



မန္တလေးမြို့ တောင်ပြင်ရပ် ဗောဓိကုန်းတွင် ၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၌ မွေးဖွားသည်။ ပင်စင်စား အဖ စိုက်ပျိုးရေးဝန်ထောက်၊ ဗဟိုအမျိုးသား အထက်တန်းကျောင်း အငြိမ်းစား ဦးကိုကိုလေး - ဒေါ်မင်းရီ (ဂတ်မင်းရီ) တို့၏ ဆဋ္ဌမမြောက် အထွေးဆုံးသား ဖြစ်သည်။ အဖ အစ္စလာမ်ဘာသာဝင်၊ အမိမှာ ပိုးကရင်၊ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ အမည်အရင်းမှာ ကိုကို ဖြစ်သည်။ အစ်ကို နှစ်ယောက်၊ အစ်မနှစ်ယောက် ရှိသည်။ လက်ဝှေ့ကျော် စောဘာဘာ၏ ညီဖြစ်သည်။ အငယ်ဆုံးဖြစ်၍ ကိုထွေးဟု တွင်သည်။

မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ်ဦးဆောင်သော ဘုရင်ခံ အတိုင်ပင်ခံကောင်စီ၌ အမျိုးသားစီမံကိန်းနှင့် ပညာရေးဝန်ကြီး ခန့်အပ်ခံရရာ ရဲဘော်ကိုထွေးသည် ဆရာကြီး ဦးရာဇတ်၏ သက်တော်စောင့်တာဝန်ပေးခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ဝန်ကြီးများအစည်းအဝေးတွင် အာဇာနည် ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

## အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့

သူသာရှိလျှင်
သူ၏နိုင်ငံ၊ ကြမ္မာကံကို
စီမံလိမ့်မည်၊ ဖန်တီးမည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ ပြည်ဖွား၊ ဆင်းရဲသားတို့
စားဝတ်နေမှု၊ ကျန်းမာမှုနှင့်
သိမှုတတ်မှု၊ ယဉ်ကျေးမှုကို
ဂရုစိုက်မည်၊ စောင့်ရှောက်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ ဉာဏ်စွမ်း၊ ကိုယ့်အစွမ်းသည်
သူ့ဝမ်းသူ့ခါး၊ သူ့မယားနှင့်
သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည့်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူ့ကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ အသက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်တွင်း၊ တသွေးချင်းတို့
စစ်ခင်းသည့်ပွဲ၊ ပြီးပြတ်စဲလို့
လက်တွဲလက်ချိတ်၊ ညီနောင်စိတ်ဖြင့်
ပွဲတိတ်စေမည်၊ ဖြေရှင်းမည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

အရဏ်တက်တွင် တိုက်ပွဲဝင်ခိုက်
သူလျှင်ကျဆုံး၊ တစ်ပြည်လုံးက
ယူကျုံးမရ၊ ဖြစ်ခဲ့ရလည်း
သူက ရှေ့ဆောင်၊ မီးတန်ဆောင်သည်
ထွန်းပြောင်နေဘိ၊ လင်းတုန်းရှိ၍
သူ၏ကိုယ်စား၊ သူ့စိတ်ထားက
ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

**တင်မိုး**

**ပန်းဈေးခင်း (၁၉၆၇ ခုနှစ်) မှ**

# အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO တို့ပူးပေါင်း၍ အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(National Complaints Mechanism–NCM) လည်ပတ်အကောင်အထည်ဖော်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အဖွင့်အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် ILO ရန်ကုန်ရုံးမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

### အကောင်အထည်ဖော် ဆောင်ရွက်နေ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အစမ္ပိုင်းစေမှုပပျောက်ရေးကို ၂၀၀၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆယ်စုနှစ် နှစ်ခုနီးပါး ILO အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် Decent Work Country Programme–DWCP (2018–2021) ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ကိုယ်စားလှယ်များနှင့် ILO တို့ လက်မှတ်ရေးထိုးကာ DWCP ဦးစားပေးလုပ်ငန်းစဉ် သုံးရပ် ချမှတ်ခဲ့ပြီး လုပ်ငန်းစဉ် (၂) အရ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

DWCP ပါ လုပ်ငန်းစဉ်အရ အစမ္ပိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်(၂၀၁၉–၂၀၂၁) ရေးဆွဲပြီး အစမ္ပိုင်းစေမှုပပျောက်ရေးကို အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ထူထောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အစမ္ပိုင်းစေမှု တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်၌ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁၊ ၂၂ ရက်များတွင် ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အမျိုးသားအဆင့်သုံးပွင့်ဆိုင် ဆွေးနွေးပွဲ၌ အလုပ်သမားကိုယ်စားလှယ်များက အမျိုးသားကော်မတီတွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်လိုကြောင်း အဆိုပြုခဲ့ပြီး ILO ဒုတိယညွှန်ကြားရေးမှူးချုပ်ကပါ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းခြင်းဖြင့် အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားပုံရိပ်ကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း အကြံပြုခဲ့သည့်အတွက် မိတ်ဖက်များနှင့် ILO ၏ အကြံပြုချက်ကို အလေးထားသောအားဖြင့် အမျိုးသားကော်မတီတွင် အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များပါဝင်ရေး နိုင်ငံတော်သမ္မတရုံးထံ တင်ပြခွင့်ပြုချက်ရယူပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဆိုပါကော်မတီတွင် မိတ်ဖက်များဖြစ်သည့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်ပါ ထည့်သွင်းဖွဲ့စည်းထားသည့်အတွက် ထူးခြားသည့် ကော်မတီဖြစ်ပါကြောင်း။

### အသိပေးကြေညာခဲ့

တိုင်ကြားမှုယန္တရားကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်လည်ပတ်ခဲ့ပြီး တိုင်ကြားလိုသူများအနေဖြင့် အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားရုံးအဖွဲ့သို့ တိုက်ရိုက်တိုင်ကြားနိုင်သကဲ့သို့ ILO အပါအဝင် လွှတ်တော်၊ နိုင်ငံတော်သမ္မတရုံး၊ အဖွဲ့အစည်းများမှတစ်ဆင့် တိုင်ကြားနိုင်ကြောင်းကို အများပြည်သူသိရှိနိုင်ရန် မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ FM ရေဒီယိုများနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်ကစတင် အသိပေးကြေညာခဲ့ပါကြောင်း။

အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကော်မတီအဖွဲ့ဝင်များအတွက် ILO ၏ အကူအညီဖြင့် Orientation Session ကို ဖေဖော်ဝါရီ ၂၇ ရက်၌ နေပြည်တော်တွင် ကျင်းပခဲ့ပြီး ကော်မတီဝင်များအနေဖြင့် အစမ္ပိုင်းစေမှုနှင့်ပတ်သက်၍ အဓိကကျသည့်အချက်များကို သေချာစွာ သိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ညှိနှိုင်းအစည်းအဝေးတွင် အစမ္ပိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်မှုများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

NCM ထူထောင်ဆဲကြားကာလ ယန္တရားမှာ SU ယန္တရားအရ ပိတ်သိမ်းရန် ကြန့်ကြာနေသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ၃၇၈ မှုကို ပိတ်သိမ်းနိုင်ရေးဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ မိမိတို့ဝန်ကြီးဌာနနှင့် ILO တို့ ညှိနှိုင်းအစည်းအဝေး သုံးကြိမ်ကျင်းပပြီး ၂၁၇ မှု ပိတ်သိမ်းနိုင်ခဲ့ကာ ကျန် ၁၆၁ မှုကို အမြန် ဆုံးပိတ်သိမ်းနိုင်ရေး ILO ကို အလေးထားဆောင်ရွက်ပေးပါရန် ပြောကြားလိုပါကြောင်း။

### အမြန်ဆုံးဖြေရှင်းပြန်ကြား

ILO က SU ယန္တရားအရ လက်ခံထားပြီး SU ကာလပြီးဆုံးချိန်မှ ပေးပို့ခဲ့သည့် ၂၇၇ မှုကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖြေရှင်းပြီး ပြန်ကြားချက်များ ပေးပို့ခဲ့သည့်အပေါ် ILO က ပိတ်သိမ်းပေးခဲ့သည့် အမှုများရှိသကဲ့သို့ ပိတ်သိမ်းရန်ကျန်သည့်အမှုများပါ အမြန်ဆုံးပိတ်သိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကာကွယ်ရေးက ဖြေရှင်းရန်ကျန်သည့်အမှုများကို အမြန်ဆုံးဖြေရှင်း ပြန်ကြားပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အစမ္ပိုင်းစေမှုပပျောက်ရေးသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်ပြီး ဌာန၊ အဖွဲ့အစည်းတစ်ခုထဲဖြင့် အဆိုပါရည်မှန်းချက်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ အမျိုးသားရေးခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန်က အစမ္ပိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်(၂၀၁၉–၂၀၂၁) ကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ NCM က စံသတ်မှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် NCM သို့ တိုင်ကြားလာသည့်အမှုများ ဖြေရှင်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြရာ တက်ရောက်လာကြသည့် အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




## (၇၃)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမှတ်တရစာအုပ်များ ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာဘာသာဖြင့် အုပ်ရေငါးသောင်းနှင့် အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေငါးထောင်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

အဆိုပါ အမှတ်တရစာအုပ်တွင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိများ၊ ဖဆပလ ဥက္ကဋ္ဌ ဦးအောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး၌ နောက်ဆုံးပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အာဇာနည်ဗိမာန် လေးချိုးကြီး၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်၏ အမှာစကား၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အာဇာနည်နေ့ အမှတ်တရစကား၊ အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ ဆုတောင်းစကား၊ အာဇာနည်ခေါင်းဆောင်များကျဆုံးပြီး ထုတ်လွှင့်သည့် သခင်နု၏ မိန့်ခွန်း၊ ဆရာဇော်ဂျီ၏ ပြောလိုက်ပါဘိ ဟောပါဘိ ကဗျာ၊ ဆရာတင်မိုး၏ အောင်ဆန်း စသောမျိုးချစ်သူရဲကောင်းများသို့ ကဗျာ၊ ဆရာဒဂုန်တာရာ၏ ဘဝပုံသဏ္ဌာန်နှင့် ပထမအရွယ် ဆောင်းပါး၊ ဆရာမင်းသုဝဏ်၏ ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့် ပစ္စုပ္ပန်)ကဗျာ စသည်ဖြင့် ပြည်သူများ သိမှတ်ဖွယ်ရာ၊ မှတ်သားဖွယ်ရာ အကြောင်းအရာများ စုံလင်စွာပါရှိသည်။

(၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရစာအုပ်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအား ဇူလိုင် ၁၇ ရက်မှစ၍ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပြန်/ဆက်



## ရသေ့တောင်မြို့နယ် ထီးစွဲ၊ အောင်သာဇေနှင့် ကျောက်တန်းကျေးရွာများတစ်ဝိုက် အခြေပြုနေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ထီးစွဲ၊ အောင်သာဇေနှင့် ကျောက်တန်းကျေးရွာများတစ်ဝိုက် အခြေပြုနေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယမန်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ် ထီးစွဲကျေးရွာ၊ အောင်သာဇေကျေးရွာနှင့် ကျောက်တန်းကျေးရွာများတစ်ဝိုက် ကျေးရွာသူ ကျေးရွာသားများကို လူသားတံတိုင်းအဖြစ် အသုံးချ၍ ၎င်းကျေးရွာများတစ်ဝိုက် အခြေပြုလျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့်အပြင် ရသေ့တောင်မှ ကျောက်တန်း၊ ဖုန်ညိုလိပ်နှင့် ဘူးသီးတောင်မြို့သို့ ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ပိတ်ဆို့ထားသည့်အတွက် အဆိုပါနယ်မြေတစ်ဝိုက်ရှိ AA အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက ယနေ့မှစတင်၍ ဆက်သွယ်ရေးလမ်းကြောင်းပွင့်စေရေးနှင့် ရွာသူ ရွာသားများကို ကယ်တင်ရန် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေး Counter Terrorism Operation ပြုလုပ်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

(၇၃)နှစ်မြောက် အာဇာနည်နေ့အကြိုဆောင်းပါး

# ဘဘကြီးပြောပြသော ဗိုလ်ချုပ်အောင်ဆန်းအကြောင်း

■ ဦးဖြိုး(BE–Civil)

ဇူလိုင်လသို့ ရောက်တာနဲ့ ကောင်းကင်တစ်ခုလုံး မည်းမှောင်ပြီး နေ့စဉ်ရက်ဆက် မိုးကအဆက်မပြတ် ရွာသွန်းနေပါတယ်။ မကြာမီ အာဇာနည်နေ့သို့ ရောက်တော့မှာဖြစ်ပါတယ်။

ကျွန်တော်ဟာ စာကြည့်ခန်းမှာ တစ်ယောက်တည်း ထိုင်ပြီးစာဖတ်နေစဉ်မှာ စိတ်အလျဉ်က လွန်ခဲ့တဲ့ ၁၉၉၅ ခုနှစ် ဇူလိုင်လသို့ ပြန်ပြောင်းရောက်ရှိသွားပါတယ်။

ထိုစဉ်က ကျွန်တော် ၁၀ တန်းဖြေပြီး စက်မှုတက္ကသိုလ်ကိုတက်ဖို့ စောင့်ဆိုင်းနေချိန် ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်အိမ်နဲ့ မနီးမဝေးမှာရှိတဲ့ အခုမော်ဒန်လက်ဖက်ရည်ဆိုင်အတွင်းရှိ ရှေးဟောင်းနှစ်ထပ်အိမ်ကြီးရဲ့ အောက်ထပ်မှာ ဖွင့်လှစ်ထားတဲ့ ဦးခင်သန်း (တိုင်းပညာဝန် အငြိမ်းစား) ရဲ့ အင်္ဂလိပ်စကားပြောသင်တန်းမှာ တက်ရောက်နေပါတယ်။ ဆရာကြီး ဦးခင်သန်းဟာ အဲဒီအချိန်က အသက် ၈၆ နှစ်ရှိပြီဖြစ်ပါတယ်။ ကျွန်တော်က ဆရာကြီးကို ဘဘကြီးလို့ ခေါ်ဝေါ်ပြီး ကျွန်တော့်ကိုတော့ ဆရာကြီးက လူလေးကိုဖြိုးထိုက်လို့ ခေါ်ပါတယ်။

**ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေတ်ပုံတွေနဲ့ မိန့်ခွန်းတွေဖြစ်**

နေ့စဉ်နေ့တိုင်းလိုလို ဘဘကြီးထံ ကျွန်တော်သွားရောက်ပြီး ဘဘကြီးပြောပြတဲ့ ရှေးဟောင်းနှောင်းဖြစ် ဗဟုသုတမှတ်သားစရာတွေကို ကျွန်တော်နာယူမှတ်သားခဲ့ရပါတယ်။ မှတ်မှတ်ရရ ၁၉၉၅ ခုနှစ် ဇူလိုင်လ အာဇာနည်နေ့မရောက်ခင် တစ်ပတ်အလို နေ့ခင်းအချိန်မှာ ကျွန်တော်ဘဘကြီးအိမ်ကို ရောက်သွားခဲ့ပါတယ်။ ကျွန်တော့်ကို တွေ့တွေ့ချင်း ဘဘကြီးက လူလေးကိုဖြိုးထိုက် လူလေးကို ဘဘကြီး လက်ဆောင်တစ်ခုပေးစရာရှိတယ်ဆိုကာ စာအုပ်တစ်အုပ်ကို ပေးပါတယ်။ စာအုပ်မှာ မဂ္ဂဇင်းအရွယ်ထက် အနည်းငယ်ကြီးပြီး စာရွက်တွေဟာ အနည်းငယ်ဝါနေတဲ့အပြင် ဘေးအနားတွေက ခြအနည်းငယ်စားနေတာကို တွေ့ရပါတယ်။ မျက်နှာဖုံးကလည်း မပါရှိတော့ပါဘူး။ ကျွန်တော်စာအုပ်ကိုသေသေချာချာလှန်ကြည့်လိုက်တဲ့အခါ ကျွန်တော်တို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ခေတ်ပုံတွေနဲ့ မိန့်ခွန်းတွေဖြစ်ပါတယ်။ (ကျွန်တော်အလွန်ပင် ကျေနပ်ပျော်ရွှင်သွားပြီး ထိုစာအုပ်ကိုယခု အချိန်အထိ အမြတ်တနိုး သိမ်းဆည်းထားပါသည်။)

**ဘဘကြီးဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဆရာဖြစ်ခဲ့**

ဘဘကြီးက ဤစာအုပ်ကိုပေးရင်း ကျွန်တော့်ကို လူလေးကိုဖြိုးထိုက် ဘဘကြီးဘဝမှာ အလွန်ဂုဏ်ယူခဲ့ရတဲ့ အရာတစ်ခုရှိတယ်။ အဲဒါဘာလဲဆိုတော့ ဘဘကြီးဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဆရာဖြစ်ခဲ့ရလို့ပဲလို့ ပြောပါတယ်။ ဆက်လက်ပြီး ဘဘကြီးက ဘဘကြီးတို့ အင်္ဂလိပ်ခေတ်မှာဘွဲ့ရတော့ ဘဘကြီးက အမျိုးသားကျောင်းဆရာအဖြစ် ရေနံချောင်းအမျိုးသားကျောင်းမှာ ကျောင်းဆရာဝင်လုပ်တယ် လူလေးရဲ့။ အဲဒီကျောင်းမှာ ဘဘကြီးက ခုနစ်တန်း (ဘီ) အတန်းပိုင်ဆရာ တာဝန်ယူရတယ်။ ဘဘကြီးရဲ့အခန်းမှာ ဗိုလ်ချုပ်အောင်ဆန်းက ခုနစ်တန်းကျောင်းသားပေါ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစ်ကိုကြီး ဦးဘဝင်းကလည်း အဲဒီကျောင်းမှာ သင်္ချာဘာသာပြဆရာဖြစ်ပြီး ဘဘကြီးနဲ့ သူငယ်ချင်းတွေပေါ့။ သူတို့ညီအစ်ကိုနှစ်ယောက်နဲ့ ဘဘကြီးတို့အတွက် ကျောင်းဝင်းထဲမှာ နေစရာ အိမ်ကလေးတစ်ခု ကျောင်းက စီစဉ်ပေးထားတယ် လူလေးရဲ့။

ဗိုလ်ချုပ်အောင်ဆန်းက အတန်းထဲမှာထိုင်ရင် ဒုတိယတန်းခုံမှာထိုင်ပြီး အုတ်နံရံထောင့်မှာ မှီပြီးထိုင်လေ့ရှိတယ်။ သူစာရေးရင် စာအုပ်နဲ့ ခန္ဓာကိုယ်နဲ့ ကပ်ပြီးမရေးဘူး၊ အနည်းငယ်ခွာပြီး ရေးတယ်။ ဘဘကြီးက သူတို့ကိုစာသင်ရင်း ရယ်မောစရာလေးတွေ ပြောပြလေ့ရှိတယ်။ အဲဒီလိုပြောတိုင်း ကျောင်းသားတွေ အားလုံးက ရယ်မောကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ လုံးဝမရယ်ဘဲ တည်တည်ကြီးတွေးနေလေ့ရှိတယ်။ အားလုံးရယ်မောပြီးမှ တစ်ယောက်တည်းထပြီး ရယ်လေ့ရှိတယ် လူလေးရေ။ အဲဒီလိုလုပ်တာ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် အမြဲတမ်းလိုလိုဖြစ်လာတော့ ဘဘကြီးက ဗိုလ်ချုပ်အောင်ဆန်းကို ဒီကောင်တော့ ငါ့ကိုသက်သက်မဲ့ထိုင်ပြီး အရွဲ့တိုက်လှောင်ပြောင်နေတယ်လို့ ထင်မိလာတယ်။

**ထူးခြားတဲ့စရိုက်လက္ခဏာတစ်ခု**

တစ်နေ့တော့ ဘဘကြီးက ထုံးစံအတိုင်း စာသင်ပြီးလို့ ရယ်မောစရာလေးတွေပြောပြတော့ အားလုံးက ရယ်မောကြတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကတော့ ထုံးစံအတိုင်းမရယ်ဘဲ တည်တည်ကြီးငေးနေတယ်။ အားလုံးရယ်မောပြီးသွားတော့မှ သူတစ်ယောက်တည်း အားရပါးရ ရယ်မောနေတယ်။ ဒါနဲ့ဘဘကြီးက မင်းကို ငါကြည့်နေတာကြာပြီ၊ မင်းက အားလုံးရယ်နေရင် မရယ်ဘဲ



ပြီးမှတစ်ယောက်တည်း ထထရယ်တယ်။ ငါ့ကိုရွဲ့ပြီး လှောင်နေတာလားလို့ ဗိုလ်ချုပ်အောင်ဆန်းကို မေးလိုက်တော့ သူက ပျာပျာသလဲနဲ့ မဟုတ်ပါဘူးဆရာကြီး၊ ဆရာကြီး ကျွန်တော့်ကို အထင်မှားနေတာပါ။ ကျွန်တော် သူများတွေရယ်တဲ့အချိန်မှာ မရယ်ဘူးဆိုတာ မှန်ပါတယ်။ ပြီးတော့ သူများရယ်ပြီး ရပ်သွားမှ ကျွန်တော်တစ်ယောက်တည်း ထရယ်တယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ဒါဟာ ဆရာကြီးကို အရွဲ့တိုက်ပြီး လှောင်ပြောင်တာမဟုတ်ပါဘူး ဆရာကြီး။ သူများရယ်တဲ့အချိန်မှာ ကျွန်တော်မရယ်ဘူးဆိုတာက ဆရာကြီးပြောတဲ့စကားတွေက ရယ်သင့်၊ မရယ်သင့် ကျွန်တော်စဉ်းစားနေလို့ပါ ဆရာကြီး၊ ဒါကြောင့် သူများတွေရယ်နေချိန်မှာ ကျွန်တော်ကစဉ်းစားနေတာမို့လို့ သူတို့ရယ်ပြီးမှ ကျွန်တော်တစ်ယောက်တည်းရယ်သလို ဖြစ်သွားတာပါ ဆရာကြီးလို့ ဘဘကြီးကို ပြန်ပြောတယ်ကွယ်။ ခုနစ်တန်းကျောင်းသား ဗိုလ်ချုပ်အောင်ဆန်းရဲ့ ထူးခြားတဲ့ စရိုက်လက္ခဏာတစ်ခုပေါ့လူလေး။

တစ်နေ့ကျတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဖေ ရှေ့နေ ဦးဖာ အလွန်နေမကောင်းဖြစ်နေကြောင်း ကျောင်းကို သံကြိုးစာလာတော့ သူ့အစ်ကို ဆရာဦးဘဝင်းက ခွင့်ယူပြီး အဖေကိုပြုစုဖို့ နတ်မောက်ကို ပြန်သွားတယ်။

**ကျွန်တော်ပါဆိုပြီး လက်လေးပိုက်ပြီးရပ်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်း**

တစ်နေ့ ကျောင်းမုန့်စားဆင်းချိန် ဘဘကြီးတို့ကျောင်းမှာ ဈေးရောင်းတဲ့အကြော်သည် ကုလားအဘိုးကြီးက ဆရာကြီး ... ဆရာကြီးအတန်းက ကျောင်းသား ကျွန်တော့်အကြော်တွေ လုစားသွားတယ်ဆိုပြီး ဘဘကြီးကို လာပြီးတိုင်တယ်။ ဘယ်သူလဲဆိုပြီး ကြည့်လိုက်တော့ ကျွန်တော်ပါဆိုပြီး လက်လေးပိုက်ပြီးရပ်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို တွေ့လိုက်ရတယ်။ ဘဘကြီးက မင်းအကြော်တွေ ယူစားတယ်ဆိုတာ ဟုတ်သလားဆိုတော့ ဟုတ်ပါတယ်ဆရာကြီးလို့ ပြန်ဖြေတယ်။ ဘာလို့ယူစားရတာလဲလို့ မေးတော့ ဆရာကြီး ကျွန်တော့်အစ်ကိုကြီး အဖေနေမကောင်းလို့ နတ်မောက်ပြန်သွားတာ တစ်လကျော်နေပြီ။ ခုထိပြန်မလာသေးဘူး။ ကျွန်တော့်မှာ စားစရာဘာမှ မရှိတော့ဘူး။ ပိုက်ဆံကလည်းပြတ်သွားပြီ။ ဒါကြောင့် ကျွန်တော်ဗိုက်အလွန်ဆာလို့ အကြော်သည်ကြီးကို ကျွန်တော့်ကို အကြော်နည်းနည်းကျွေးပါလို့ ကျွန်တော်ပြောပါတယ်။ ကျွန်တော် သုံး၊ လေး၊ ငါးကြိမ်ပြောတာတောင် သူကမကျွေးနိုင်ဘူးလို့ပြောလို့ ကျွန်တော်ယူစားလိုက်ပါတယ် ဆရာကြီးလို့ ပြန်ဖြေတယ်။ အဲဒါနဲ့ ဘဘကြီးလည်း အကြော်သည်ကြီးကို သူစားတဲ့အကြော်ဖိုးစိုက်ပေးပြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း သုံးဖို့မုန့်ဖိုးပေးလိုက်တော့ ကျေးဇူးပါဆရာကြီးဆိုပြီး ထွက်သွားလေရဲ့။ ဒါဟာလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ ထူးခြားတဲ့စရိုက်လက္ခဏာ တစ်ခုပဲလူလေး။

**သံသယစိတ်ဝင်မိ**

နောက်တစ်ခုက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခုနစ်တန်းအရွယ်ကတည်းက အင်္ဂလိပ်စာအပေါ် ဝါသနာထုံမှု၊ စိတ်ဝင်စားမှုနဲ့ ကျွမ်းကျင်မှုပဲ၊ ဘဘကြီးတို့ကျောင်းမှာ တစ်လတစ်ခါ ကျောင်းသားလက်ရေးစာစောင် ထုတ်မယ်ဆိုပြီးစီစဉ်တော့ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော် အင်္ဂလိပ်ကာတွန်း ဟာသအပိုင်း တာဝန်ယူမယ်ဆိုပြီးတော့ လာပြောတယ်။ ဘဘကြီးလည်း အံ့သြမှုနဲ့ ဖြစ်ပါ့မလားဆိုတဲ့ သံသယစိတ်ဝင်မိတယ်။ ဒါနဲ့ဘဘကြီးက မင်းရေးပြီးရင် ငါ့ကိုလာပြ။ လိုအပ်တာ ငါပြင်ပေးမယ်လို့ ပြောပြီး တာဝန်ပေးလိုက်တယ်။ နှစ်ရက်လောက်ကြာတော့ ရေးပြီးပြီ။ ကြည့်ပါဦးဆရာဆိုပြီး လာပြတယ်။

သူရေးထားတာက ရန်ကုန်ယူနီဗာစီတီမှာ စာသင်ပြီး ကျောင်းပိတ်ရက်ပြန်လာတဲ့မြေးမလေးနဲ့ သူ့ရဲ့အဘိုး၊ အဘွားစကားပြောတာကို အင်္ဂလိပ်လို ဟာသလေး ရေးထားတာ လူလေးရေ။ အဘိုးကြီးက ထိုင်ပြီးကွမ်းသီးညှပ်နေတယ်။ အဘွားကြီးက အပ်နဲ့အင်္ကျီချုပ်နေတယ်။ ဘေးမှာက မြေးမလေးကို "မြေးလေး ယူနီဗာစီတီတက်လို့ပြီးရင် ဘာလုပ်မှာလဲလို့မေးတယ်။ မြေးမလေးက Art(အပ်) ရမှာ အဘိုးလို့ပြန်ပြောတယ်။ အဲဒါကိုကြားတဲ့ အဘွားက အမယ်လေးငါ့မြေးရယ် ဒီအပ်လေးရဖို့များ အချိန်အကြာကြီးပေးပြီး ရန်ကုန်အထိ သွားတက်ရသလား။ ရော့အပ်ဆိုပြီး သူချုပ်နေတဲ့အပ်ကို မြေးမလေးကို လှမ်းပြီးပေးလိုက်တယ်။ မြေးမလေးက အဲဒီအပ်ကို ပြောတာမဟုတ်ဘူး အဘွားရဲ့၊ Art ဝိဇ္ဇာဘွဲ့ကို ပြောတာလို့ ပြန်ပြောတယ်။

နောက်တစ်ခါ အဘိုးကြီးက ရွာတောင်ဘက်က မြေးရဲ့ သူငယ်ချင်းကရော ဘာရမှာလဲလို့ မြေးမလေးကို မေးပြန်တယ်။ မြေးမလေးက သူကတော့ Science ရမှာလို့ ပြန်ဖြေတယ်။ အဘိုးက Science ဆိုတာ ဘာလဲမြေးမလေးလို့မေးတော့ အဘွားကြီးက ကြားကနေဖြတ်ပြီး တော်ကလည်း တုံးလိုက်တာ၊ ဆိုင်းရင့်ဆိုတာ အိမ်ရှေ့အပင်က အသီးတွေကို ခူးပါဆိုတာကို ရှင်မခူးသေးဘဲ ဆိုင်းရင်းဆိုင်းရင်းနဲ့ ရင့်သွားတာကိုပြောတာ အဘိုးကြီးရဲ့ဆိုတဲ့ အင်္ဂလိပ်ကာတွန်းလေးဖြစ်နေတယ်။ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အင်္ဂလိပ်စာအရည်အသွေးကို ဘဘကြီးကတောင် အလွန်ကြိုက်ပြီး စိတ်ထဲက အထင်ကြီးမိတယ် လူလေးရဲ့။

နောက်ဆုံးတစ်ချက်ကတော့ ကျောင်းသားလေး ဗိုလ်ချုပ်အောင်ဆန်းရဲ့ တွေးခေါ်မြော်မြင် သုံးသပ်နိုင်မှုပဲ လူလေးရေ။ ဘဘကြီးတို့ကျောင်းမှာ ခရစ္စမတ်ရောက်တော့ ရေနံချောင်းမြို့နယ် ကျောင်းပေါင်းစုံ စကားရည်လုပြိုင်ပွဲကျင်းပကြတယ်။ အဲဒီပြိုင်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ အင်္ဂလိပ်စာကို သင်ယူသင့်၊ မသင့်ဆိုတဲ့ ခေါင်းစဉ်မှာ သင်ယူသင့်တယ်ဆိုတဲ့ဘက်က ဝင်ပြိုင်တယ်လူလေးရေ၊ ဒါပေမဲ့ အဲဒီစကားရည်လုပြိုင်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း ရှုံးသွားတယ်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ အင်္ဂလိပ်စာကို မသင်ယူသင့်ဘူးဆိုတဲ့ဘက်က နိုင်သွားတယ်။ အဲဒီအချိန်က အင်္ဂလိပ်စာကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေသင်ယူရင် သာသနာညှိုးနွမ်းမယ်ဆိုပြီး အယူသီးနေချိန်ရယ်၊ အင်္ဂလိပ်တွေကို မုန်းတီးနေချိန်ဖြစ်တာရယ်ကြောင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ အင်္ဂလိပ်စာကို မသင်ယူသင့်ဘူးဆိုတဲ့ဘက်က အသာရပြီး နိုင်သွားတာ၊ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းက စင်ပေါ်ကဆင်းခါနီးမှာ ပြောသွားတဲ့ စကားကတော့ ဘဘကြီးရဲ့နားထဲမှာ အခုအချိန်အထိ စွဲနေတယ်။ အဲဒါဘာလဲဆိုတော့ ခင်ဗျားတို့ကတော့ ကျုပ်ကို ရှုံးတယ်လို့သတ်မှတ်ကြတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော်မရှုံးဘူး၊ နိုင်တယ်။ ကျွန်တော်ပြောတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ အင်္ဂလိပ်စာကို သင်ယူသင့်တယ်ဆိုတာ တစ်ချိန်မှာ ခင်ဗျားတို့ ကောင်းကောင်းကြီးသိလိမ့်မယ်တဲ့ လူလေးရေ။ ကဲ အခုအချိန်မှာ ကျောင်းသားလေး မောင်အောင်ဆန်း ပြောခဲ့တာ သွေးထွက်အောင်မှန်မနေဘူးလား လူလေးရေ၊ ဒါဟာသူ့ရဲ့ အသက်အရွယ်နဲ့ မလိုက်အောင် ဉာဏ်ပညာ အမြော်အမြင်ကြီးမှုကို ပြတာပဲလူလေး။

**ဘဘကြီးနဲ့ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးဆုံတွေ့ခဲ့ရ**

သူ ၁၀ တန်းအောင်ပြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်သွားတဲ့အချိန်မှာ အခုဗိုလ်စိန်မှန်ရပ်ကွက်ထဲကို လာရင်းနဲ့ ဘဘကြီးဆီကို လာကန်တော့တယ်လူလေး။ လာကန်တော့ရင်းနဲ့ ဘာပြောသလဲဆိုတော့ ကျွန်တော်တို့ တိုင်းသူပြည်သားတွေရဲ့ အဓိကအားနည်းချက်ကတော့ စည်းကမ်းသေဝပ်မှု၊ စည်းလုံးညီညွတ်မှုနဲ့ စိတ်ရှည်သည်းခံနိုင်မှုတွေမှာ အားနည်းတာပဲဆရာကြီး၊ အဲဒီအချက်တွေကို အမြန်ဆုံးပြုပြင်နိုင်ရင် ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေးအမြန်ရမှာသေချာတယ်ဆရာကြီး၊ အခုဆရာကြီးကိုကန်တော့ရင်းနဲ့ ပူဆာရဦးမယ်။ ကျွန်တော့်ရဲ့ဘော်တွေမှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲ တော်တော်ကလေးဖြစ်နေကြတယ်။ အဲဒါဆရာကြီးမှာ ပိုလျှံတဲ့အဝတ်အထည် အသုံးအဆောင်တွေရှိရင် လှူပေးပါဆရာကြီး၊ အထူးသဖြင့် ဆေးပေါ့လိပ်လေးတွေလည်း လှူပေးပါဆရာကြီး။ ကျွန်တော်နောက်တစ်ခါဆရာကြီးဆီလာရင်ယူပါ့မယ်လို့ ပြောပြီးပြန်သွားတယ်လူလေးရေ။ အဲဒီအချိန်ဟာ ဘဘကြီးနဲ့ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးဆုံတွေ့ခဲ့ရတာပဲ လူလေးရေ။

နှစ်စဉ်မိုးတွေမည်းမှောင်ပြီး အဆက်မပြတ်ရွာသွန်းနေတဲ့ ဇူလိုင်လရောက်တိုင်း ကျွန်တော့်ဘဘကြီးပြောပြသော ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝအကြောင်းလေးကို အမြဲသတိရမိသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဘဘကြီးကိုလည်း သတိရလွမ်းဆွတ်မိပါတော့သည်။ ။

**ကျွန်တော်တို့ တိုင်းသူပြည်သားတွေရဲ့ အဓိကအားနည်းချက်ကတော့ စည်းကမ်းသေဝပ်မှု၊ စည်းလုံးညီညွတ်မှုနဲ့ စိတ်ရှည်သည်းခံနိုင်မှုတွေမှာ အားနည်းတာပဲဆရာကြီး၊ အဲဒီအချက်တွေကို အမြန်ဆုံးပြုပြင်နိုင်ရင် ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေး အမြန်ရမှာ သေချာတယ်ဆရာကြီး...**

# ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)မှ ဓာတ်ပုံမှတ်တမ်းများနှင့် ပြခန်းများ

နိုင်လင်းကြည်



နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (နတ်မောက်)သည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းတွင် တည်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိဘများဖြစ်သော ဦးဖာနှင့် ဒေါ်စုတို့ လက်ထက်ကတည်းက ဆောက်လုပ်နေထိုင်ခဲ့သော အိမ်ဖြစ်သည်။

အဆိုပါနေအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ နေထိုင်ခဲ့သည်။ ဗိုလ်ချုပ်၏ ဖခင်ကွယ်လွန်ပြီးနောက် အစ်ကိုဖြစ်သူ ဦးနေအောင်က မိခင်ဖြစ်သူ ဒေါ်စုနှင့်အတူ ဆက်လက်နေထိုင်ခဲ့ပြီး ဦးနေအောင် ကွယ်လွန်သည့်အခါ ၁၉၇၃ ခုနှစ်တွင် နိုင်ငံတော်သို့ လှူဒါန်းခဲ့ခြင်းကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူ ထိန်းသိမ်းကာ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အဖြစ် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (နတ်မောက်)တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ဘဝမှစတင်ကာ ကျောင်းသားဘဝ အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်နှင့် ကျဆုံးခဲ့သည့် ဈာပနအခမ်းအနားအထိ ဓာတ်ပုံမှတ်တမ်းများနှင့် အခြားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွှယ်သည့် ပြခန်းများကို ပြသထားသည်။

ကျောင်းသားဘဝ ဓာတ်ပုံမှတ်တမ်းတွင် ဦးသောဘိတကျောင်း၌ ပဉ္စမတန်းတွင် ကိုင်ဆောင်ခဲ့သော ဂဏန်းစာအုပ်မျက်နှာဖုံး၊ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်း၌ ဆဋ္ဌမတန်းတွင် ကိုင်ဆောင်ခဲ့သော ဂဏန်းစာအုပ်မျက်နှာဖုံး၊ ၁၀ တန်းအောင်လက်မှတ်၊ တက္ကသိုလ်တက်စဓာတ်ပုံ၊ ကျောင်းသားသမဂ္ဂဓာတ်ပုံနှင့် တက္ကသိုလ်အောင်လက်မှတ် စသည်တို့ကို ပြသထားသည်။


မိသားစုဘဝ ဓာတ်ပုံမှတ်တမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာဆောင်ဖိတ်စာ၊ လက်ထပ်ပြီးစ ဓာတ်ပုံ၊ မိသားစုလိုက်ဓာတ်ပုံ၊ မိခင်ဒေါ်စုနှင့် ဗိုလ်ချုပ်ဓာတ်ပုံ၊ ပဲပြုတ်နဲ့နံပြား စားချင်တယ်ဆိုတဲ့ ဗိုလ်ချုပ်က ဒေါ်ခင်ကြည်ထံပေးသော လက်ရေးမူတို့ကို ပြသထားသည်။

နိုင်ငံရေးလှုပ်ရှားမှုနှင့် နိုင်ငံ့ခေါင်းဆောင်ဘဝဓာတ်ပုံမှတ်တမ်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ရဲဘော်သုံးကျိပ်ဓာတ်ပုံ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်အကြောင်းနှင့် အကျိုး၊ ဗိုလ်ချုပ်အောင်ဆန်းတပ်ဆင်ခဲ့သည့် ရာထူးတံဆိပ်များ၊ ဘီလပ်တွင် မြန်မာပြည်ဆိုင်ရာ အတွင်းဝန် ပက်သစ်လောရင့်က ဆီးကြိုပုံ၊ လန်ဒန်ညှိနှိုင်းပွဲ တက်ရောက်ပုံ၊ လန်ဒန် ဒေါင်းနင်းလမ်း အမှတ်(၁၀)၌ အင်္ဂလိပ်နန်းရင်းဝန်နှင့် တွေ့ဆုံပုံ၊ ပျဉ်းမနား ဘီဒီအေတပ်ရင်း(၁)တွင် မိန့်ခွန်းပြောကြားပုံ၊ ဘီဒီအေတပ်ရင်း(၁) ကို စစ်ဆေးပုံ၊ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်လာပုံ၊ ဂျူဗလီဟောတွင် ဖဆပလ ပဏာမညီလာခံတွင် မိန့်ခွန်းပြောကြားပုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်တွင် မိန့်ခွန်းပြောကြားပုံ၊ နယ်လှည့်စည်းရုံးရေးဆင်းပုံများ၊ ပင်လုံညီလာခံတက်ရောက်လာသော နိုင်ငံခြားသားများနှင့် ဓာတ်ပုံစသည့် ဓာတ်ပုံမှတ်တမ်းများ ပြသထားသည်။


ဈာပနအခမ်းအနား ဓာတ်ပုံမှတ်တမ်းတွင် ရန်ကုန်မြို့ အာဇာနည်ကုန်းသို့ သယ်လာပုံ၊ ကျဆုံးပြီးနောက် စစ်ဝတ်စုံဖြင့် ပြင်ဆင်ထားပုံ၊ အာဇာနည်ကုန်းရှိ ဗိုလ်ချုပ်၏ အုတ်ဂူ၊ တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြုလုပ်ထားသည့် ဗိုလ်ချုပ်နောက်ဆုံးနေခဲ့သည့် အိမ်၊ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရသည့် ရုံးခန်းတွင် ချိတ်ဆွဲထားသည့် ဝန်ကြီး ဦးအောင်ဆန်းဆိုင်းဘုတ်တို့ကို ဓာတ်ပုံမှတ်တမ်းများဖြင့် ပြသထားပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သမိုင်းအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေစဉ်မျိုးဆက်ဆင်းသက်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များကို ပြသထားသည်။

အခြားသော ဗိုလ်ချုပ်နှင့် ဆက်နွှယ်သည့် ပြခန်းများမှာ ဗိုလ်ချုပ်လာစဉ်စာဖတ်သည့်နေရာ၊ ဗိုလ်ချုပ်၏ စာဖတ်ခန်း၊ ဗိုလ်ချုပ်အိပ်ခန်း၊ ဗိုလ်ချုပ်မိခင်အိပ်ခန်း၊ ဗိုလ်ချုပ်၏ မိသားစုအိပ်ခန်း၊ မီးခံသေတ္တာ၊ မီးဖိုခန်း၊ ဗိုလ်ချုပ်၏ မိခင် ဒေါ်စု၏ ရက်ကန်းစင်၊ စပါးထည့်သည့်ကျီ စသည်ဖြင့် အသီးသီးပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်)ကို ယခင်နှစ်များက အများပြည်သူကြည့်ရှုနိုင်ရေး ဖွင့်လှစ်ပေးခဲ့သော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကြောင့် ကြည့်ရှုခွင့်ပိတ်ထားပြီး မကြာမီကျရောက်မည့် (၇၃) နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲကိုလည်း ပြသခြင်း မပြုတော့ဘဲ ပြတိုက်ကို ပိတ်ထားမည်ဖြစ်သည့်အတွက် အများပြည်သူလေ့လာနိုင်ရန် Online Exhibition အဖြစ် ပြသသွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာခွင်မိတ္တူကို တွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဘီအေ အောင်လက်မှတ်ကို တွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်း တပ်ဆင်ခဲ့သော ရာထူးတံဆိပ်များနှင့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။



နတ်မောက်မြို့ ဦးသောဘိတကျောင်း၊ ပဉ္စမတန်းတွင် ကိုင်ဆောင်ခဲ့သော စာအုပ်မျက်နှာဖုံးနှင့် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်း၊ ဆဋ္ဌမတန်းတွင် ကိုင်ဆောင်ခဲ့သော ဂဏန်းစာအုပ်မျက်နှာဖုံးတို့ကို တွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဆယ်တန်းအောင်လက်မှတ်ကို တွေ့ရစဉ်။

## (၇၃)နှစ်မြောက် အာဇာနည်နေ့အကြို ဆောင်းပါး

# ဗိုလ်ချုပ်အောင်ဆန်းပုံတူ လက်ရာမွန်များ

**ကာတွန်း ငွေကြည်**

အနုပညာနယ်ပယ်ထဲမှာ ပုံတူပန်းချီ၊ ပန်းပု ရေးဆွဲထုလုပ်တာဟာ တစ်ခန်းတစ်ကဏ္ဍ ပါဝင်ပါတယ်။ ပန်းချီပုံတူ၊ ပန်းပုပုံတူတွေကိုလည်း လုပ်နေကျပညာရှင်များက ပိုမိုကျွမ်းကျင်ပါတယ်။

ကျွန်တော်တို့ ပန်းချီကျောင်းတက်တုန်းက တစ်လမှာ တစ်ကြိမ်၊ နှစ်ကြိမ် လူပုံတူရေးဆွဲလေ့ကျင့်ရတယ်။ ထိုင်ပေးတဲ့ စံပြမယ်ကို သဘာဝအလင်းရောင်နဲ့ (Live) တိုက်ရိုက်ရေးဆွဲရတာ။ သဘာဝအလင်းက မျက်စိကို အလွန်လှည့်စားလို့ အတော်သတိထားရေးဆွဲရတယ်။ ဒါကိုပိုင်အောင် ရေးဆွဲနိုင်ရင် အပြင်မှာ လက်တွေ့ရေးဆွဲတဲ့အခါ အများကြီးအထောက်အကူရတယ်။ ဓာတ်ပုံလို သက်ငြိမ်ကို ပြန်ကူးဆွဲရင် လွယ်သွားပြီပေါ့။

ပုံတူရေးဆွဲရာမှာလည်း ဝါသနာရှင်ဆွဲတာနဲ့ ပန်းချီဆရာဆွဲတာကွာခြားပါတယ်။ ဝါသနာရှင်လက်ရာက တူတယ်ဆိုတဲ့ ရုပ်ပုံအဆင့်သာရှိပြီး ပန်းချီဆရာကတော့ တူလည်းတူ ပန်းချီလက်ရာလည်း မြောက်ပါတယ်။

သာမန်လူကို ရေးဆွဲထုလုပ်ရတာနဲ့ ထင်ရှားလူသိများပြီး အများချစ်ခင်လေးစားခံရသူပုံကို ရေးဆွဲထုလုပ်ရတာလည်း မတူပြန်ပါဘူး။

သာမန်လူက ကာယကံရှင်တစ်ဦးအတွက်သာ သက်ဆိုင်တာဖြစ်ပြီး ထင်ရှားလူသိများတဲ့သူကျတော့ အများနဲ့ပါ သက်ဆိုင်သွားပါပြီ။ အများချစ်ခင်လေးစားခံရတဲ့ပုဂ္ဂိုလ်မျိုးဆိုရင်တော့ ပြောစရာမရှိတော့ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ တစ်နိုင်ငံလုံး လေးစားတန်ဖိုးထားရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပုံတူကို ရေးဆွဲထုလုပ်ကြတဲ့အခါ အထူးပဲ ဂရုစိုက်ကြရပါတယ်။ ဒါကြောင့်လည်း အရင်တုန်းက ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းပုတွေထုလုပ်ရာမှာ (ရုပ်တုဖြစ်မြောက်ရေးကော်မတီ) ဖွဲ့စည်းပြီး နမူနာပုံစံကို အကဲဖြတ်ရွေးချယ်ပြီးမှ ထုလုပ်ခဲ့ကြတာပါ။

ဒီလိုအလေးထားရေးဆွဲခဲ့၊ ထုလုပ်ခဲ့ကြတဲ့လက်ရာတွေထဲက နှစ်သက်ခဲ့ရတဲ့ ဗိုလ်ချုပ်ပုံတူ ပန်းချီ၊ ပန်းပုပုံတွေကို ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။



ဆရာဇဝန၏လက်ရာ

**ဆရာဇဝနရဲ့လက်ရာ**

စာရေးဆရာ၊ သတင်းစာဆရာကြီး ဇဝနဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ သူဟာ စာပေအပြင် ပန်းချီ၊ ကာတွန်းများလည်း ရေးဆွဲခဲ့ဖူးတယ်။

၁၉၂၉ ခုနှစ်မှာ (ဘားမားအတ်ကလပ်) ပန်းချီသင်တန်းတက်ခဲ့ပြီး မြန်မာ့ပထမဆုံး ကာတွန်းရုပ်ရှင် (လာမယ်x လာမယ်x မကြည်ရဲ့ - တကယ်စောင့်တဲ့အချိန်) တေးသရုပ်ဖော်ကာတွန်းရုပ်ရှင်ကို ဦးဆောင်ရေးဆွဲသူ ကာတွန်းဦးဟိန်စွန်းနဲ့အတူ ပါဝင်ရေးဆွဲခဲ့သူလည်း ဖြစ်ပါတယ်။

တစ်နေ့ ဗိုလ်ချုပ်ဆီ စာမူသွားတောင်းရင်း ရှေ့မှာထိုင်ပြီး တစ်ထိုင်တည်း ရေးဆွဲခဲ့တဲ့ပုံပါ။ ကောက်ကြောင်းမျဉ်း တစ်ကြောင်းတည်းနဲ့ ရေးဆွဲထားပေမယ့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သွင်ပြင်လက္ခဏာအတိုင်း ပေါ်လွင်ပြီး ဗိုလ်ချုပ်မှန်း သိစေပါတယ်။



မစ္စတာကော့ပ်နောလ်၏လက်ရာ

**မစ္စတာကော့ပ်နောလ်ရဲ့လက်ရာ**

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ပန်းခြံမှာရှိတဲ့ ဗိုလ်ချုပ်ကြေးရုပ်ကိုတော့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဆာဂျွန်ကက်စ်အနုပညာသိပ္ပံကျောင်းက ကျောင်းအုပ်ကြီး မစ္စတာကော့ပ်နောလ်က ထုလုပ်ပါတယ်။

အင်္ဂလန်နိုင်ငံမှာ သွန်းလုပ်ပြီး အမြင့်ကိုးပေရှိပါတယ်။ လက်ထောက်အဖြစ် ပန်းပုဆရာ ဦးစံဖေ (တောင်ကြီး) ပါဝင်ပြီး ၁၉၅၄ ခုနှစ်မှာ ဗိုလ်ချုပ်ကြေးရုပ်သွန်းလုပ်ရေးကော်မတီက သက်ဆိုင်ရာကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပုံတူရုပ်တုထဲမှာ အများကြိုက်ကြတဲ့လက်ရာဖြစ်ပါတယ်။



ပန်းပုဦးလွင်၏လက်ရာ

**ပန်းပုဦးလွင်ရဲ့လက်ရာ**

မစ္စတာကော့ပ်နောလ်ရဲ့ လက်ရာကို အများပြည်သူနှစ်သက်သဘောကျသလို ပန်းပုဦးလွင်ရဲ့ ဗိုလ်ချုပ်ကိုယ်တစ်ပိုင်း လက်ရာကိုလည်း ကြိုက်ကြတယ်။ ဦးလွင်က ဗိုလ်ချုပ်ပုံတူ ပန်းချီကားကိုလည်း ရေးဆွဲပါသေးတယ်။ အဲဒီအချိန်က ဦးလွင်ရဲ့ ဗိုလ်ချုပ်ပုံပန်းချီလက်ရာတွေလည်း ထင်ရှားခဲ့တယ်။

ဦးလွင်က ပန်းချီရော၊ ပန်းပုပါ ရေးဆွဲထုလုပ်သူမို့ မောင်လွင်(ပန်းချီ၊ ပန်းပု)လို့ လက်မှတ်ထိုးလေ့ရှိတယ်။ ရိုးရာပန်းပညာရှင်များအစည်းအရုံးရဲ့ နာယကကြီးဖြစ်ပြီး ဆရာကြီးနဲ့ မကြာခဏဆုံတွေ့ခဲ့ရဖူးပါတယ်။



ပန်းချီဦးငွေကိုင်၏လက်ရာ

**ဦးငွေကိုင်ရဲ့လက်ရာ**

ဆရာကြီးဦးငွေကိုင်ရဲ့ ပန်းချီပညာထူးချွန်မှုကြောင့် နိုင်ငံတော်က အလင်္ကာကျော်စွာဘွဲ့ ပေးအပ်ချီးမြှင့်ခံခဲ့ရပါတယ်။ ဆရာကြီးဟာ ဂျပန်ခေတ် စစ်ပန်းချီဌာနမှာ အမှုထမ်းခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ရဲ့ ဗိုလ်မိုးကြိုးခေါ် ကာနယ်ဆူဇူကီးအတွက် ထုတ်ပြန်တဲ့ (ထုတိမင်္ဂလာသြဘာစာ)မှာ သရုပ်ဖော်ပန်းချီပုံတွေ ရေးဆွဲပေးခဲ့တဲ့ သမိုင်းဝင်လက်ရာတွေရှိသလို ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းပြောနေဟန် ပန်းချီကားကြီး ရေးဆွဲခဲ့တာတွေလည်း ရှိပါတယ်။ ဒီပုံကတော့ ကတ်ထူပြားပေါ်မှာ မင်စုတ်ချက်သွက်သွက်နဲ့ ဗိုလ်ချုပ်ပုံကို ရေးဆွဲထားပါတယ်။

**ဦးစံဖေရဲ့လက်ရာ**

လန်ဒန်က ပန်းပုဆရာကြီး မစ္စတာကော့ပ်နောလ် ဗိုလ်ချုပ်ပုံထုလုပ်ရာမှာ ဆရာဦးစံဖေ (တောင်ကြီး)က လက်ထောက်အဖြစ် ပါဝင်ခဲ့ပြီး နောင်အခါ လန်ဒန်ကို ပန်းပုပညာသင်အဖြစ်လည်း သွားခဲ့ရပါတယ်။

ဆရာကြီးဦးစံဖေဟာ ပထမဆုံး ဗိုလ်ချုပ်ကြေးရုပ် ထုလုပ်ရာမှာ ပါဝင်ခဲ့ရုံသာမက သူကိုယ်တိုင်လည်း ဗိုလ်ချုပ်ပုံတစ်ခု ထုလုပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဝတ်စုံပြည့်နဲ့ ထိုင်ခုံမှာ ထိုင်နေပုံဖြစ်ပြီး ဗိုလ်ချုပ်ရုပ်တုတွေထဲမှာ တစ်မူထူးခြားပါတယ်။ အင်းစိန် (အောင်ဆန်းမြို့)မှာ ရှိတယ်လို့သိရပါတယ်။



ပန်းပုဦးဟန်တင်၏လက်ရာ

**ဦးဟန်တင်ရဲ့လက်ရာ**

ပြည်မြို့က ဗိုလ်ချုပ်မြင်းစီးရုပ်တုဟာ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ လက်ရာတွေထဲက အကောင်းဆုံး ၁၀ ခုထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ဆရာကြီးဟာ ကမ္ဘာသိ မြန်မာ့ပန်းပုကျော်ကြီးဖြစ်ပြီး သူ့လက်ရာအတော်များများ ပြည်ပနိုင်ငံတွေမှာ ရှိပါတယ်။ ဗိုလ်ချုပ်မြင်းစီးရုပ်တုကိုထုလုပ်ထားရာမှာ တည်ကြည်ခန့်ညားဝင့်ဝင့်ကြွားကြွား ရှိလှပါတယ်။




ပန်းချီဦးစိန်၏လက်ရာ

**ဦးစိန်ရဲ့လက်ရာ**

ဇူလိုင်လ အာဇာနည်နေ့ အထိမ်းအမှတ် အထူးထုတ်မျက်နှာဖုံးကို ရေးဆွဲသူက ပန်းချီကာတွန်း စွယ်စုံရ ဆရာကြီး ဦးစိန်ဖြစ်ပါတယ်။

ဆရာကြီးဟာ သူရေးတဲ့ လက်ရာတိုင်းကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ရေးဆွဲလေ့ရှိပါတယ်။ ဒီပုံထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပုံ၊ ဗိုလ်ချုပ်ရဲ့နေအိမ်ပုံနဲ့ ပြည်သူလူထုရဲ့ လွမ်းသူ့ပန်းခွေနဲ့ လွမ်းဆွတ်ဂါရဝပြုနေပုံတွေကို ဆက်စပ်ရေးဆွဲထားလို့ ဗိုလ်ချုပ်ကို အထူးသတိရစေပါတယ်။



ပန်းချီမောင်ငွေထွန်း၏လက်ရာ

**ဆရာမောင်ငွေထွန်းရဲ့လက်ရာ**

ဆရာကြီးမောင်ငွေထွန်းဟာ ပုံတူကွစ်စကက်ချ်ရေးဆွဲရာမှာ အထူးထင်ရှားပါတယ်။ သူဟာ တစ်ထိုင်တည်းနဲ့ ကောက်ကြောင်း မင်ခြစ်ပုံတူတွေရေးဆွဲလေ့ရှိပြီး ပုံပြီးတဲ့အခါ ပုံပေါ်မှာ ရေးဆွဲခံပုဂ္ဂိုလ်ရဲ့ လက်မှတ်ကို အမှတ်တရထိုးခိုင်းလေ့ရှိတယ်။

သူ ၁၉ နှစ်သားမှာဆွဲခဲ့တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပုံတူဟာ အထူးကျော်ကြားပါတယ်။ သူရေးဆွဲတဲ့ ဗိုလ်ချုပ်ပုံတူကတော့ ဗိုလ်ချုပ်ကွယ်လွန်ပြီးမှ ရေးဆွဲတဲ့ပုံဖြစ်လို့ ဗိုလ်ချုပ်ရဲ့လက်မှတ်တော့ မပါခဲ့ပါဘူး။



ပန်းချီဦးသောင်းဟန်၏လက်ရာ

**ဦးသောင်းဟန်ရဲ့ လက်ရာ**

ဆရာကြီးဦးသောင်းဟန်ဟာ လူပုံအချိုးအစားကျကျ ရေးဆွဲနိုင်ပြီး ပုံတူဆွဲရာမှာလည်း ထူးချွန်ပါတယ်။ စာနယ်ဇင်းပန်းချီနယ်မှာ တစ်ခေတ်ထူထောင်နိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဆရာ့လက်ရာထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့တည်ကြည်ခန့်ညားပုံအပြင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)အလံနဲ့ ချီတက်လာပုံ သမိုင်းနောက်ခံလည်း ပါရှိပါတယ်။



ပန်းချီဦးဝသုန်၏လက်ရာ

**ပန်းချီဦးဝသုန်ရဲ့ လက်ရာ**

ဆရာကြီးဦးဝသုန်ဟာ စာနယ်ဇင်းပန်းချီနဲ့ ရသပန်းချီနှစ်မျိုးစလုံးရေးဆွဲရာမှာ ထင်ရှားပါတယ်။ အလှထက် ဘဝကို ဦးစားပေးရေးဆွဲသူလည်း ဖြစ်တယ်။ ဒီလက်ရာဟာ ဂျာနယ်တစ်ခုရဲ့အဖုံးမှာ ရေးဆွဲထားတာဖြစ်ပြီး အများကြိုက်ကြပါတယ်။

မင်ခြစ်လက်ရာနဲ့ ကျွမ်းကျွမ်းကျင်ကျင် ရေးဆွဲထားပြီး ဗိုလ်ချုပ်ရဲ့ ခိုင်မာတဲ့ စိတ်ဓာတ်ကို ထင်ဟပ်ပြီး အားရှိလှပါတယ်။

ဖော်ပြထားတဲ့ ဗိုလ်ချုပ်ပုံတူပန်းချီ ပန်းပုလက်ရာတွေကိုကြည့်ရင် တစ်ဦးချင်း တစ်ယောက်ချင်း ရေးဆွဲထုလုပ်ထားကြတာဖြစ်ပေမယ့် ဒါတွေအားလုံးဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံဆိုတာ မြင်တာနဲ့သိကြတယ်။ ဆရာတွေရဲ့ကျွမ်းကျင်မှုအပြင် အနုပညာလက်ရာမြောက်တာကိုလည်း တွေ့ကြရတယ်။

**ဒီလက်ရာတွေကို ကြည့်ပြီး**

ရိုးသားတဲ့ ဗိုလ်ချုပ်၊
နှစ်လိုဖွယ် ဗိုလ်ချုပ်၊
လေးစားဖွယ် ဗိုလ်ချုပ်၊
တက်ကြွတဲ့ ဗိုလ်ချုပ်၊
တည်ငြိမ်တဲ့ ဗိုလ်ချုပ်၊
ပြတ်သားတဲ့ ဗိုလ်ချုပ်၊
ခန့်ညားတဲ့ ဗိုလ်ချုပ်၊
အားမာန်နဲ့ ဗိုလ်ချုပ် ..... ဆိုတဲ့ ခံစားမှုတွေ ဖြစ်ပေါ်လာစေတာကတော့ ဖန်တီးသူ အနုပညာရှင်တွေရဲ့ ခံစားမှုနဲ့ အနုပညာဝိညာဉ်တို့ ရောယှက်ပေါင်းစပ်ပြီး ဖန်တီးခဲ့တာတွေကြောင့်ပဲ ဖြစ်ပါတော့တယ်။

# ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့ နိုင်ပါသည်။

**၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၂ ခုနှစ်၊ လ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ(၁)အား အောက်ပါအတိုင်းအစားထိုးရမည်-

"(၁) ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတစ်ပါး ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား သုံးနှစ်ကုန်ဆုံးသည့်အခါ ပြစ်မှုတစ်ခုခုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။ ယင်းသုံးနှစ်တာကာလကို အောက်ပါအတိုင်း စတင်ရေတွက်ရမည်-

(က) ပြစ်မှုစတင်ကျူးလွန်သည့်နေ့ရက် (သို့မဟုတ်)၊

(ခ) ပြစ်မှုကျူးလွန်မှုကို ယင်းပြစ်မှုကြောင့်နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်သော အခွင့်ရအာဏာပိုင် မသိရှိခဲ့သည့်အခါ ထိုနစ်နာသူ သို့မဟုတ် အခွင့်ရအာဏာပိုင်က ပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့် နေ့ရက်များအနက်မှ အစောဆုံးနေ့ရက် (သို့မဟုတ်)၊

(ဂ) ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်းကို မသိရှိခဲ့သည့်အခါ ယင်းပြစ်မှုကြောင့်နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်သော အခွင့်ရအာဏာပိုင်က မည်သူပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့် နေ့ရက်များအနက်မှ အစောဆုံးနေ့ရက်။"

# တရားလွှတ်တော်ရှေ့နေများကောင်စီ အသိပေးကြေညာခြင်း

၁။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၄ အရ ကောင်စီဝင်လောင်း အပြီးသတ်အမည်စာရင်း၊ ပုံစံ (၈) ကို ၁၆-၇-၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲတွင် အောက်ပါ တရားလွှတ်တော်ရှေ့နေများ ရွေးကောက်ခံမည်ဖြစ်ပါသည်-

**(ယမန်နေ့မှအဆက်)**

| | | |
|---|---|---|
| ၃၇ | ဦးကျော်ဝင်း | စဉ် - ၂၉၈၂ |
| ၃၈ | ဦးဖေတင် | စဉ် - ၃၀၃၃ |
| ၃၉ | ဦးစန်းလွင် | စဉ် - ၃၀၅၆ |
| ၄၀ | ဦးကျော်မြင့်ထူး | စဉ် - ၃၁၇၂ |
| ၄၁ | ဒေါ်သင်းသင်းနိုင် | စဉ် - ၃၁၇၆ |
| ၄၂ | ဦးစောထွန်းစိန် | စဉ် - ၃၃၂၀ |
| ၄၃ | ဦးသန်းဝင်း | စဉ် - ၃၄၄၇ |
| ၄၄ | ဒေါ်ဆွေဆွေငြိမ်း | စဉ် - ၃၅၃၀ |
| ၄၅ | ဦးကျော်ညွန့် | စဉ် - ၃၅၈၉ |
| ၄၆ | ဦးစိန်မြင့် | စဉ် - ၃၆၄၈ |
| ၄၇ | ဦးကိုကိုလေး | စဉ် - ၃၆၇၂ |
| ၄၈ | ဦးသန်းအေး | စဉ် - ၃၆၈၂ |
| ၄၉ | ဦးသိန်းသန်းဦး | စဉ် - ၃၆၉၅ |
| ၅၀ | ဒေါ်ဖြူဖြူ | စဉ် - ၃၈၃၇ |
| ၅၁ | ဦးသန်းထွန်း | စဉ် - ၃၈၆၄ |
| ၅၂ | ဦးအောင်ဇင် | စဉ် - ၃၈၆၈ |
| ၅၃ | ဦးချစ်တင် | စဉ် - ၃၉၂၆ |
| ၅၄ | ဦးအောင်ချို | စဉ် - ၄၀၁၃ |
| ၅၅ | ဦးခင်မောင်ဇော် | စဉ် - ၄၀၆၀ |
| ၅၆ | ဦးတင်အေး | စဉ် - ၄၁၂၅ |
| ၅၇ | ဦးတင်အောင်ဝင်း | စဉ် - ၄၁၂၆ |
| ၅၈ | ဦးအောင်မြင့် | စဉ် - ၄၁၄၇ |
| ၅၉ | ဦးခင်မောင်စီ | စဉ် - ၄၂၀၁ |
| ၆၀ | ဦးကျော်သိန်း | စဉ် - ၄၂၇၈ |

| | | |
|---|---|---|
| ၆၁ | ဦးသိန်းရွှေ | စဉ် - ၄၃၂၄ |
| ၆၂ | ဒေါ်မြင့်မြင့်မော် | စဉ် - ၄၄၃၈ |
| ၆၃ | ဒေါ်စန္ဒာသိန်း | စဉ် - ၄၄၉၂ |
| ၆၄ | ဦးငွေးဦး | စဉ် - ၄၅၀၃ |
| ၆၅ | ဦးသက်ဆွေ | စဉ် - ၄၅၁၁ |
| ၆၆ | ဒေါ်စန်းရီ | စဉ် - ၄၆၆၇ |
| ၆၇ | ဦးစိုးသိန်း | စဉ် - ၄၇၀၀ |
| ၆၈ | ဦးလှထွန်းရွှေ | စဉ် - ၄၈၀၆ |
| ၆၉ | ဦးမြင့်အောင် | စဉ် - ၄၉၀၈ |
| ၇၀ | ဦးဝင်းဖေ | စဉ် - ၅၀၄၂ |
| ၇၁ | ဦးထိန်လင်း | စဉ် - ၅၀၇၂ |
| ၇၂ | ဦးအောင်ကျော်မင်း | စဉ် - ၅၁၁၈ |
| ၇၃ | ဦးဘရန်ဒီး | စဉ် - ၅၁၄၁ |
| ၇၄ | ဦးစိုးစိုးသိဏ်း | စဉ် - ၅၁၉၆ |
| ၇၅ | ဦးစိန်လှ | စဉ် - ၅၂၀၁ |
| ၇၆ | ဦးလှိုင်မြင့် | စဉ် - ၅၃၂၆ |
| ၇၇ | ဦးနေဝင်း | စဉ် - ၅၃၈၂ |
| ၇၈ | ဒေါ်ခင်အေးမူ | စဉ် - ၅၃၉၇ |
| ၇၉ | ဒေါ်သန်းသန်းလွင် | စဉ် - ၅၄၁၇ |
| ၈၀ | ဦးမှတ်ရှင် | စဉ် - ၅၄၇၆ |
| ၈၁ | ဦးသိန်းငွေး | စဉ် - ၅၅၃၁ |
| ၈၂ | ဦးအေးသိန်း | စဉ် - ၅၅၉၂ |
| ၈၃ | ဦးငွေငြိမ်း | စဉ် - ၅၆၀၃ |
| ၈၄ | ဒေါ်သိန်းသိန်းမြင့် | စဉ် - ၅၆၂၄ |
| ၈၅ | ဦးစိန်ဝင်း | စဉ် - ၅၆၃၅ |
| ၈၆ | ဦးသိန်းဝင်း | စဉ် - ၅၆၇၂ |

| | | |
|---|---|---|
| ၈၇ | ဦးကျော်ထွေး | စဉ် - ၅၇၁၄ |
| ၈၈ | ဦးကြီးမြင့် | စဉ် - ၅၇၁၅ |
| ၈၉ | ဦးမောင်ပု(ခ)ဦးကျော်ဝင်း | စဉ် - ၅၇၉၄ |
| ၉၀ | ဦးဇော်မင်း(ခ)အဲလ်ဘတ်ဇော်မင်း | စဉ် - ၅၈၆၁ |
| ၉၁ | ဒေါ်လွင်မာဦး | စဉ် - ၅၉၆၆ |
| ၉၂ | ဦးလွင်ဦးမောင် | စဉ် - ၅၉၆၇ |
| ၉၃ | ဦးသန်းမြင့် | စဉ် - ၆၀၈၅ |
| ၉၄ | ဦးဝင်းထိန် | စဉ် - ၆၁၀၇ |
| ၉၅ | ဦးအေးလွင် | စဉ် - ၆၁၆၄ |
| ၉၆ | ဦးအောင်သိန်း | စဉ် - ၆၁၉၇ |
| ၉၇ | ဦးဝင်းမြင့် | စဉ် - ၆၂၄၇ |
| ၉၈ | ဦးခင်မောင်စန်း | စဉ် - ၆၂၆၀ |
| ၉၉ | ဒေါ်မိမိခိုင် | စဉ် - ၆၃၄၀ |
| ၁၀၀ | ဒေါ်အနီမာခင်ခင်(ခ)ဒေါ်ခင်ခင် | စဉ် - ၆၃၆၀ |
| ၁၀၁ | ဒေါ်ခင်မူမူမြင့် | စဉ် - ၆၆၂၀ |
| ၁၀၂ | ဦးမြင့်အောင် | စဉ် - ၆၇၄၂ |
| ၁၀၃ | ဦးလှကို | စဉ် - ၆၈၁၀ |
| ၁၀၄ | ဦးယူတင် | စဉ် - ၆၉၆၄ |
| ၁၀၅ | ဦးသောင်းရှိန် | စဉ် - ၇၀၁၉ |
| ၁၀၆ | ဦးသိန်းဝင်း | စဉ် - ၇၀၂၆ |
| ၁၀၇ | ဒေါ်စိုးစိုးမော် | စဉ် - ၇၀၃၆ |
| ၁၀၈ | ဦးမင်းမောင်(ခ)ဦးကြည်ထွေး | စဉ် - ၇၀၇၁ |
| ၁၀၉ | ဦးခင်မောင်သင်း | စဉ် - ၇၀၉၅ |
| ၁၁၀ | ဒေါ်ချယ်ရီ | စဉ် - ၇၁၄၃ |

၃။ ကောင်စီဝင်လောင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website - www.oag.gov.mm တွင် ဖော်ပြထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**တရားလွှတ်တော်ရှေ့နေများကောင်စီ**

# အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်
- ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ တစ်ကြိမ်လျှင် (၁၂)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည် ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (COVID-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရန်
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း စသည့်ရောဂါ လက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်

ကြေးမုံ
ဇူလိုင် ၁၈၊ ၂၀၂၀

# မြောက်ကိုရီးယားနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တောင်ကိုရီးယားလွှတ်တော်နာယက ကမ်းလှမ်း



**ဆိုးလ်  ဇူလိုင်  ၁၇**
နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မည့်နည်းလမ်းများ ဆွေးနွေးရန် မြောက်ကိုရီးယား လွှတ်တော်နာယကနှင့် ဆွေးနွေးမှုများ ပြုလုပ်လိုကြောင်း တောင်ကိုရီးယား အမျိုးသားလွှတ်တော်နာယက ပတ်ခ်ျဗြောင်ဆန်က ယနေ့ အဆိုပြုလိုက်သည်။

ပြီးခဲ့သည့်လက ယင်းပိုင်နက် နယ်မြေအတွင်းရှိ နှစ်နိုင်ငံဆက်ဆံရေးရုံးကို မြောက်ကိုရီးယားနိုင်ငံက ဗုံးခွဲဖျက်ဆီးပြီးနောက် ကိုရီးယားနှစ်နိုင်ငံကြားဆက်ဆံရေး မတိုးသာမဆုတ်သာအခြေအနေ ဖြစ်ပေါ်နေစဉ် အမျိုးသားလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ရန် အာဏာရ ဒီမိုကရက်တစ်ပါတီကို စွန့်လွှတ်ခဲ့သည့် ပတ်ခ်ျဗြောင်ဆန်က ထိုသို့ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

"ကိုရီးယားကျွန်းဆွယ်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးသူက ကိုရီးယားနှစ်နိုင်ငံသာ ဖြစ်သင့်ပါတယ်။ ကိုရီးယားနှစ်နိုင်ငံကြား လွှတ်တော်ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ မြောက်ကိုရီးယားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ကျွန်တော် တရားဝင်ကမ်းလှမ်းပါတယ်" ဟု တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှု (၇၂) နှစ်မြောက်အခမ်းအနားတွင် ၎င်းက ပြောကြားသည်။

"ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေးနဲ့ ကိစ္စရပ်တွေကို ဘယ်အချိန်၊ ဘယ်နေရာမှာမဆို ပွင့်ပွင့်လင်းလင်းနဲ့ ရိုးသားစွာ ဆွေးနွေးဖို့ ကျွန်တော်ပြင်ဆင်ထားပါတယ်" ဟု ပတ်ခ်ျဗြောင်ဆန်က ဆိုသည်။ "ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနဲ့ သာယာဝပြောမှု ကတိကဝတ်တစ်ရပ်ကို ကြေညာပြီး ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်မယ့် နည်းလမ်းတွေ ရှာဖွေကြပါစို့" ဟု ၎င်းက ပြောသည်။

ဆွေးနွေးမှုများအတွင်း ရောဂါတားဆီးကာကွယ်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သစ်တောကဲ့သို့ ကဏ္ဍများတွင် ကိုရီးယားနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေးအပြင် နှစ်နိုင်ငံ ရထားလမ်းများချိတ်ဆက်ရေးကိုလည်း ဆွေးနွေးလိုကြောင်း ၎င်းက ဆိုသည်။

**ကိုးကား- ယွန်ဟပ်**
**ဘာသာပြန်- ကျော်ထိုက်စိုး**




# ဗီယက်နမ်၌ စာနယ်ဇင်းပြတိုက် ဖွင့်လှစ်

**ဟန္နိုင်း ဇူလိုင် ၁၇**
ဗီယက်နမ်နိုင်ငံ၏ မီဒီယာဆိုင်ရာ ပွင့်လင်းမြင်သာမှုကို ပြသသည့်အနေဖြင့် စာနယ်ဇင်းပြတိုက်ကို ဗီယက်နမ်နိုင်ငံက ဇူလိုင် ၁၆ ရက်တွင် ဖွင့်လှစ်ပြသခဲ့သည်။

၎င်းပြတိုက်တွင် ပူလစ်ဇာဆုရရှိသော ဗီယက်နမ်စစ်ပွဲအတွင်းမှ ဓာတ်ပုံများ၊ ပြင်သစ်ကိုလိုနီအုပ်ချုပ်ရေးကာလအတွင်း စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိရန် ကြိုးပမ်းမှုဆိုင်ရာ အကြောင်းအရာများနှင့်အတူ သတင်းစာပညာ သမိုင်းအကြောင်းအရာများကို ပြသထားသည်။

အဆိုပါ ပြတိုက်မှပြတိုက်မှူးဖြစ်သူ ထရန်သီကင်ဟိုက ပြခန်းအနေဖြင့် နိုင်ငံ၏ စာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းများ ရရှိနေသော လွတ်လပ်ခွင့်ကို ဂုဏ်ယူဖွယ်ရာ ထင်ဟပ်ပြသနေကြောင်း ပြောကြားသည်။

၁၈၈၁ ခုနှစ်တွင် ပြင်သစ်ကပြဋ္ဌာန်းခဲ့သော စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာဥပဒေသည် မိမိတို့အား စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် စပ်လျဉ်းပြီး အသိပညာများရရှိစေခဲ့သည်ဟု ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယခုစာနယ်ဇင်းပြတိုက်အား တည်ဆောက်ခွင့်ရရှိခြင်းသည် နိုင်ငံအတွင်း စာနယ်ဇင်းလွတ်လပ်ခွင့်ရှိကြောင်း ဖော်ပြနေသည်ဟု ၎င်းကပြောကြားသည်။ အဆိုပါပြခန်းအတွင်းတွင် ခေတ်ဟောင်းမှကင်မရာများ၊ လက်နှိပ်စက်များ၊ သတင်းထောက်များအသုံးပြုသော လက်ဖက်ရည်အိုးများ၊ မတ်ခွက်များနှင့် သတင်းဆောင်းပါးဟောင်းများကို ပြသထားသည်။ ဗီယက်နမ်စစ်အတွင်းက အသုံးပြုခဲ့သော အသံချဲ့စက်ကိုလည်း ပြခန်းတွင်ပြသထားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်- စိုးသူရ**

# နှာခေါင်းစည်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ဂျော်ဂျီယာပြည်နယ်အုပ်ချုပ်ရေးမှူး ပယ်ဖျက်

**ဝါရှင်တန်  ဇူလိုင်  ၁၇**
ဂျော်ဂျီယာပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ရန် လိုအပ်သည်ဆိုသည့် ပြဋ္ဌာန်းချက်များကို အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်အုပ်ချုပ်ရေးမှူးက ပယ်ဖျက်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများ ဆက်လက်မြင့်တက်နေစဉ်အတွင်း နှာခေါင်းစည်း ဝတ်ဆင်ထားရမည်ဆိုသော ပြဋ္ဌာန်းချက်များကို ဂျော်ဂျီယာပြည်နယ်မှ မြို့အချို့နှင့် စီရင်စုအချို့၌ သီးခြားစီ ထုတ်ပြန်ခဲ့သည်။

ဂျော်ဂျီယာပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုအတည်ပြုနှုန်းသည် အချို့သောရက်များတွင် ရောဂါပိုးကူးစက်ခံရသူဦးရေ ၃၀၀၀ ကျော်အထိ ရှိခဲ့သည်။

ဂျော်ဂျီယာပြည်နယ်အုပ်ချုပ်ရေးမှူး ဘရိုင်ယန်ကမ့်က အဆိုပါ နှာခေါင်းစည်းဝတ်ဆင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအားလုံးကို ပယ်ဖျက်ရန် ဇူလိုင် ၁၄ ရက်တွင် အုပ်ချုပ်ရေးဆိုင်ရာ အမိန့်တစ်ရပ်အား ထုတ်ပြန်ခဲ့သည်။

၎င်းထုတ်ပြန်သည့် အဆိုပါ အမိန့်နှင့်ပတ်သက်၍ တိကျသော အကြောင်းပြချက်တစ်စုံတစ်ရာ ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူးသည် နှာခေါင်းစည်း ဝတ်ဆင်ခြင်းသည် ထိရောက်မှုမရှိဟု ယုံကြည်နေကြောင်း ဒေသခံသတင်းမီဒီယာများက ပြောကြားသည်။

ဂျော်ဂျီယာပြည်နယ်အုပ်ချုပ်ရေးမှူး ကမ့်က ဇူလိုင် ၁၅ ရက်တွင် အတ္တလန်တာမြို့တော်ဝန် မီးစ်ကေရှာလန့်စ်ဘော့တွမ်စ်အား စည်းကမ်းချိုးဖောက်မှုများအပေါ် ဒဏ်ရိုက်ခြင်းနှင့် နှာခေါင်းစည်း ဝတ်ဆင်ရန် လိုအပ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ တရားစွဲဆိုခဲ့သည်။

ဘော့တွမ်စ်သည် ပြည်နယ်မှ ထုတ်ပြန်ထားသည့် အုပ်ချုပ်ရေးဆိုင်ရာအမိန့်ကို ချိုးဖောက်ခဲ့သည်ဟု ဂျော်ဂျီယာပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် နှာခေါင်းစည်း ဝတ်ဆင်ခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်နေသည်။ အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်များအနက် ပြည်နယ် ၂၅ ခုထက်မနည်း၌ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရန် လိုအပ်သည်။

နှာခေါင်းစည်း ဝတ်ဆင်ရေးအတွက် အမိန့်များ ထုတ်ပြန်မှုသည် ပုဂ္ဂလိကလွတ်လပ်ခွင့်အား ချိုးဖောက်ခြင်း ဖြစ်သည်ဟုဆိုကာ ပြည်သူအချို့၏ ပြင်းထန်သော ဆန့်ကျင်မှုများလည်း ရှိနေသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

# တောင်အာရှဒေသ၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ၂၂၁ ဦးထက်မနည်း သေဆုံး

**နယူးဒေလီ  ဇူလိုင်  ၁၇**
မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ပြီးခဲ့သော တစ်လအတွင်း တောင်အာရှဒေသ တစ်ဝန်းလူ ၂၂၁ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင် လူတစ်သန်းကျော် သောင်တင်ခဲ့ပြီး အများအပြားမှာ ကုန်းမြင့်ဒေသ၌ခိုလှုံရန် အိုးအိမ်များမှ စွန့်ခွာခဲ့သည်။ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အရှေ့မြောက်ပိုင်းတွင် ၁၆ ဦး ထပ်မံသေဆုံးခဲ့ပြီး မွမ်ဘိုင်းမြို့တွင် အဆောက်အအုံပြိုကျမှုများကြောင့် ရှစ်ဦး သေဆုံးခဲ့ရာ သေဆုံးသူ ၁၀၁ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောသည်။

နီပေါနိုင်ငံတွင် ပြီးခဲ့သောလအတွင်း ၁၁၇ ဦး သေဆုံးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သုံးဦး သေဆုံးခဲ့သည်။ ပြီးခဲ့သည့်လက မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိဘက်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြတ်သန်းစီးဆင်းသည့် ဗြဟ္မပုတ္တရမြစ် ရေလျှံခဲ့ရာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ မြေပြိုမှုများဖြစ်ပွားကာ ပြည်သူ ၃ ဒသမ ၆ သန်း နေရပ်စွန့်ခွာခဲ့ရသည်။

အာသံပြည်နယ် ဒေသအချို့၌ ရေဘေးကြောင့် ပိတ်မိနေသူ ၄၀၀၀ ခန့်ကို အာဏာပိုင်များက ကယ်တင်ခဲ့ကြောင်း၊ အိုးအိမ်များ ပျက်စီးသွားခဲ့သည့် ပြည်သူ ၃၆၀၀၀ ခန့်မှာ အစိုးရ၏ ရေဘေးရှောင်စခန်း ၃၀၀ နီးပါး၌ ခိုလှုံနေရကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ အကြီးအကဲ မန်နီဇန်နန်က ပြောသည်။

ပြီးခဲ့သောလအတွင်း မြေပြိုမှုများ၊ ရေကြီးမှုများကြောင့် လူ ၁၁၇ ဦး သေဆုံးခဲ့ပြီး ၄၇ ဦး ပျောက်ဆုံးကာ ၁၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လနှောင်းပိုင်းက စတင်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး တစ်သန်းကျော် ရေဘေးသင့်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ဘေးအန္တရာယ်နှင့် ကယ်ဆယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား – သည်ဝါရှင်တန်ပို့စ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# နယ်ပယ်စုံ၌ ဆက်ဆံရေးတိုးမြှင့်ရန် အီရန်နှင့် ရုရှားသမ္မတတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး



ရုရှားသမ္မတ ဗလာဒီမာပူတင်



အီရန်သမ္မတ ဟာဆန်ရိုဟာနီ

**တီဟီရန် ဇူလိုင် ၁၇**
အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများနှင့် အမေရိကန်၏ မူဝါဒများနှင့်ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် အီရန်သမ္မတ ရိုဟာနီက နှစ်နိုင်ငံအကြား ပြည့်ဝစုံလင်သောဆက်ဆံရေးကို တိုးမြှင့်ရန်နှင့် အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ဆက်ဆံရေးတိုးမြှင့်ရန် တိုက်တွန်းခဲ့ပြီး ၂၀၁၅ အီရန်နျူကလီးယား သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် လုပ်ဆောင်ရမည့်အစီအမံများအား ကာကွယ်ထိန်းသိမ်းရန် အရေးကြီးပုံကိုလည်း အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

ရိုဟာနီသည် အီရန်နျူကလီးယားသဘောတူစာချုပ်အပေါ် ရုရှား၏ ထောက်ခံအားပေးမှုနှင့် အမေရိကန်၏ မူဝါဒများအပေါ် ရုရှား၏ ဆန့်ကျင်ကန့်ကွက်မှုများကို အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

ထို့အပြင် ရိုဟာနီသည် အီရန်အား ကုလသမဂ္ဂ၏ စစ်လက်နက်တားမြစ်ပိတ်ပင်မှုတိုးချဲ့ရန် အမေရိကန်၏ ဖိအားပေးမှုများအပေါ် ထိပ်တိုက်ရင်ဆိုင်ကြရန် အီရန်နျူကလီးယားသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများကိုလည်း တိုက်တွန်းခဲ့ပြီး အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ မူဝါဒများကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြောင်း သိရသည်။

ရိုဟာနီသည် ပူတင်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် ဆီးရီးယားနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ထူထောင်ရေးအတွက် ရုရှားနှင့် တူရကီနိုင်ငံတို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံကိုလည်း အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

**ပြောကြား**

တစ်ချိန်တည်းမှာပင် ရုရှားသမ္မတ ဗလာဒီမာပူတင်က အီရန်နျူကလီးယားသဘောတူစာချုပ်ကို ကာကွယ်ထိန်းသိမ်းရန် တောင်းဆိုလိုက်သည်။ လွန်ခဲ့သည့်ငါးနှစ်က ကတိကဝတ်ပြုခဲ့သည့်အတိုင်း နိုင်ငံတကာစာချုပ်စာတမ်းကို မိမိတို့အနေဖြင့် ထောက်ခံအားပေးမည်ဖြစ်ပြီး ယင်းစာချုပ်အား အကောင်အထည်ဖော်ကာ ကာကွယ်ထိန်းသိမ်းရန် အခိုင်အမာပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ပူတင်သည် နယ်ပယ်ပေါင်းစုံ၌ ရုရှားနှင့် အီရန်ဆက်ဆံရေးတိုးမြှင့်ရန် တိုက်တွန်းခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါနှိမ်နင်းရေးနယ်ပယ်၌ နှစ်နိုင်ငံအကြား အတွေ့အကြုံချင်းဖလှယ်ရန် အီရန်အစိုးရ၏ ကမ်းလှမ်းချက်ကို ကြိုဆိုကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# စီးပွားရေးပြန်လည်ဦးမော့လာစေရန် ထိုင်းအစိုးရအဖွဲ့အနေဖြင့် ရုန်းကန်လျက်ရှိစဉ် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးသုံးဦး ရာထူးမှ နုတ်ထွက်

**ဗန်ကောက် ဇူလိုင် ၁၇**
ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေစဉ်အတွင်း ထိုင်းနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ပြန်လည်ဦးမော့လာစေရန် ထိုင်းအစိုးရအဖွဲ့အနေဖြင့် ရုန်းကန်လျက်ရှိစဉ် ထိုင်းဒုတိယဝန်ကြီးချုပ် ဆွန်ကစ်ဂျာတူရီပီတက်ခ်အပါအဝင် ဝန်ကြီးသုံးဦးတို့ နုတ်ထွက်သွားခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ဘဏ္ဍာရေးဝန်ကြီး၊ စွမ်းအင်ဝန်ကြီးနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးသုံးဦးတို့သည် ဒုတိယဝန်ကြီးချုပ် ဆွန်ကစ်ဂျာတူရီပီတက်ခ်နှင့်အတူ ယမန်နေ့က ၎င်းတို့၏ နုတ်ထွက်စာကို ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာထံ တင်သွင်းခဲ့သည်။

ဒုတိယဝန်ကြီးချုပ် ဆွန်ကစ်ဂျာတူရီပီတက်ခ်သည် တပ်မတော်ဦးဆောင်သော ယာယီအစိုးရလက်ထက် ၂၀၁၅ ခုနှစ်ကတည်းက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာအခြေအနေများကို တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

ပါလန်ပရာချာရတ် အာဏာရပါတီအဖွဲ့ဝင်များအား ပါတီအတွင်း၌ ရာထူးနှင့် လုပ်ပိုင်ခွင့်နေရာများ ပြောင်းရွှေ့မှု



လုပ်ဆောင်ခြင်းနှင့်ပတ်သက်ပြီး သဘောတူညီမှု မရှိခဲ့ခြင်းကြောင့် ၎င်းတို့ နုတ်ထွက်ခြင်းဖြစ်နိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ထိုင်းနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံမတွေ့ရှိခဲ့သည်မှာ ရက်ပေါင်း ၅၀ ကျော်ရှိပြီ ဖြစ်သည်။ သို့သော် မကြာသေးမီက နိုင်ငံခြားမှပြန်လာသည့် ဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦးသည် ပြည်သူများအကြား သွားလာခဲ့သည့်အတွက် ရောဂါကူးစက်မှု ဒုတိယလှိုင်းရိုက်ခတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

ထို့ကြောင့် ထိုင်းအစိုးရက နိုင်ငံရပ်ခြားမှပြန်လာသူများအတွက် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ပိုမိုတင်းကျပ်လုပ်ဆောင်မည်ဟု ပြောကြားခဲ့သည်။

အာရှနိုင်ငံများ စီးပွားရေးပျက်ကပ်နှင့် ရင်ဆိုင်ခဲ့ရသည့် ၁၉၉၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ အသားတင်ထုတ်ကုန်တန်ဖိုးသည် အနုတ် ၇ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာ ယခုနှစ် အသားတင်ထုတ်ကုန်တန်ဖိုးသည် ယင်းအရေအတွက်ထက် ပိုမိုလျော့ကျသွားနိုင်ဖွယ်ရှိသည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံ၏စီးပွားရေးပြန်လည်ဦးမော့လာရန် ဖိအားများ မြင့်တက်လျက်ရှိသည့်အတွက် အစိုးရအဖွဲ့၏ မူဝါဒချမှတ်ရာတွင် အမှားအယွင်း အတိမ်းအစောင်းများဖြစ်ပေါ်ခဲ့မည်ဆိုပါက အစိုးရအဖွဲ့အား ဝေဖန်ပြစ်တင်မှုများ ရှိလာနိုင်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုအသစ် အစ္စရေး ပြန်လည်ချမှတ်

**ဂျေရုစလင် ဇူလိုင် ၁၇**
အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ယမန်နေ့က အသွားအလာကန့်သတ်မှုအသစ်ကို ထပ်မံချမှတ်လိုက်သည်။

အဆိုပါအသွားအလာကန့်သတ်မှုအရ ကုန်တိုက်ကြီးများ၊ စတိုးဆိုင်များနှင့် အခြားသောနေရာများကို အပတ်စဉ် သောကြာနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီမှ အပတ်စဉ် တနင်္ဂနွေနေ့ ဒေသစံတော်ချိန်နံနက် ၅ နာရီအထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများသည် အပြင်ထွက်ခွာခွင့်ရှိသော်လည်း လူ ၁၀ ဦးနှင့်အထက် စုဝေးမှုကိုမူ တားမြစ်ထားမည်ဖြစ်သည်။ ထို့အပြင် ဈေးဆိုင်များ၊ ကုန်တိုက်ကြီးများ၊ ဈေးကွက်များ၊ အလှပြင်ဆိုင်များ၊ ဆံသဆိုင်များ၊ စာကြည့်တိုက်များ၊ တိရစ္ဆာန်ဥယျာဉ်များ၊ ပြတိုက်များ၊ ရေကူးကန်များနှင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်သည့်နေရာများကိုလည်း ပိတ်ထားမည် ဖြစ်ကြောင်း သိရသည်။

အကယ်၍ အစိုးရအနေဖြင့် လွှတ်တော်မှ ထောက်ခံချက်ရရှိခဲ့ပါက စနေ၊ တနင်္ဂနွေ ကန့်သတ်မှုကာလအတွင်း အသွားအလာကန့်သတ်မှုအပါအဝင် အလုံးစုံကန့်သတ်မှုကို ဇူလိုင် ၂၄ ရက်အထိ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့အပြင် အားကစားရုံများနှင့် ရုပ်ရှင်ရုံများကို ခုနစ်ရက်လုံးလုံးပိတ်မည်ဖြစ်ပြီး လူ ၁၀ ဦးနှင့်အထက် စုဝေးမှုများကိုလည်း တားမြစ်ထားမည်ဖြစ်သည်။ ထို့အတူ စားသောက်ဆိုင်များ၌ ထိုင်စားခြင်းများကို တားမြစ်ထားမည်ဖြစ်သော်လည်း ပါဆယ်ထုပ်နှင့် ဝယ်ယူခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းကိုမူ ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် အလုံးစုံကန့်သတ်မှုကို ပြန်လည်ချမှတ်ရန် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် စနေ၊ တနင်္ဂနွေ အသွားအလာကန့်သတ်မှုကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် မတ်လက အသွားအလာကန့်သတ်မှုကိုချမှတ်ထားပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှေးကွေးလာခဲ့ပြီးနောက် ကန့်သတ်မှုဖြေလျှော့သည့်အနေဖြင့် စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများကို မေလက ပြန်လည်ဖွင့်လှစ်ခဲ့သည်။

သို့သော် မကြာသေးမီ သီတင်းပတ်များက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း အရှိန်မြင့်မားလာခဲ့ကြောင်း သိရသည်။ ဇူလိုင် ၁၆ ရက်က အစ္စရေးနိုင်ငံ၌ ဆေးဘက်ဆိုင်ရာစောင့်ကြပ်မှုခံယူနေသော ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၂၅၃၀၅ ဦးရှိကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၃၉၉၆၈၂ ဦး

သေဆုံးသူ
၅၉၃၇၇၆ ဦး

ပြန်လည်ကျန်းမာလာသူ
၈၃၁၉၇၀၃ ဦး

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး COVID-19 အပါအဝင် လတ်တလော ဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော်   ဇူလိုင် ၁၇

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ Social Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး COVID–19 အပါအဝင် လတ်တလောဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဘီလီယံ ၅၀ ကျော် ကုန်ကျခဲ့

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယခုရှင်းလင်းပွဲသည် ကိုဗစ်–၁၉ ကာလတွင် ဒုတိယအကြိမ် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများကို ထောက်ပံ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယင်းမှာ CERP အရ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပထမအကြိမ် သင်္ကြန်ကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများကို ထောက်ပံ့ရန်အတွက် အခြေခံစားနပ်ရိက္ခာ ငါးမျိုးကို ဖြန့်ဝေခဲ့ပါကြောင်း၊ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်အတွင်း တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း ၄ သန်းကျော်ကို အခြေခံစားကုန် ငါးမျိုး ဖြန့်ဝေရာတွင် ငွေကျပ် ဘီလီယံ ၅၀ ကျော် အကုန်အကျခံခဲ့ပါကြောင်း။

ဒုတိယအကြိမ်အဖြစ် ပထမအကြိမ်စားနပ်ရိက္ခာ ငါးမျိုး ဖြန့်ဝေသည့် အခါတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သည့် အိမ်ထောင်စုများကို တစ်နိုင်ငံလုံး၌ စိစစ်ခဲ့ပါကြောင်း၊ စိစစ်ပြီးနောက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းခွဲ ထောက်ပံ့ခဲ့ပါကြောင်း၊ ဇွန် ၂၇ ရက်မှ ဇူလိုင် ၁၂ ရက်အထိ နှစ်ပတ်ကျော်ကာလအတွင်း ကျန်ရှိခဲ့သည့် အိမ်ထောင်စုပေါင်း ၁ ဒသမ ၄ သန်းကျော်ကို ထောက်ပံ့ခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၁ ဘီလီယံ အကုန်အကျခံခဲ့ပါကြောင်း။

တတိယအကြိမ်အဖြစ် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု စုစုပေါင်း ၅ ဒသမ ၄ သန်းကျော်ကို ငွေကျပ်နှစ်သောင်းစီ ဇူလိုင်လ နောက်ဆုံးပတ်တွင် စတင်ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ် ကလောမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သုံးမြို့နယ်တို့တွင် Mobile Payment အနေဖြင့် စမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ် ထောက်ပံ့မှုအဖြစ် တင်ပြထားသည့် အိမ်ထောင်စုပေါင်း ၅ ဒသမ ၄ သန်း ကျော်ကို ငွေကျပ်နှစ်သောင်းစီ ထပ်မံထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့မှုကို ဩဂုတ်လ နောက်ဆုံးပတ်တွင် စတင်ဆောင်ရွက်ရန် စီမံထားပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက နေပြည်တော်တွင် တန်ဖိုးနည်းအိမ်ရာနှင့် မြေကွက်သစ်များဖော်ထုတ်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ ယခုကျင်းပမည့် (၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေးသို့ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များအား ဖိတ်ကြားသွားရန် ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားမှု၊ သိမ်းဆည်းလယ်ယာမြေများအား မူလတောင်သူများထံ စနစ်တကျ ပြန်လည်ပေးအပ်နိုင်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်နေမှု၊ စီးပွားရေးဦးပိုင်လီမိတက် ဒါရိုက်တာအဖွဲ့တွင် အကောက်အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့ ပါဝင်နေခြင်းကိစ္စအပေါ် ဆောင်ရွက်ထားရှိမှု၊ သတင်းအတု၊ သတင်းမှားများ ဖြန့်ချိနေမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှု၊ မှုခင်းသတင်းထောက်များကိစ္စ၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာအလုပ်သမားများအတွက် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မှု၊ ဖားကန့်မြို့ ဝေခါ မြေပြိုမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အစီရင်ခံစာ တွေ့ရှိချက်အပေါ် သိရှိလိုခြင်း၊ ရဲတပ်ဖွဲ့အကြီးအကဲများအား အရေးယူဆောင်ရွက်ခဲ့မှု၊ တရားမဝင် နိုင်ငံခြားသားများ လာရောက်ရင်းနှီးမြှုပ်နှံနေသည့်ကိစ္စ၊ ပိုးလမ်းမစီမံကိန်းများ၏ လက်ရှိအခြေအနေ၊ (၂၁)ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပရေးကိစ္စ၊ ဝန်ကြီးဌာနများအား သတင်းရယူရာတွင် ဆက်သွယ်မှုလွယ်ကူစေရန် ဆောင်ရွက်ပေးရန်ကိစ္စ၊ အထက်တန်းကျောင်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသားမိဘများ စိုးရိမ်မှုမရှိအောင် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးရန်ကိစ္စ၊ မကြာမီက ကျင်းပခဲ့သည့် JMC–U အစည်းအဝေးတွင် နှစ်ဖက်တပ်နေရာများချထားရေး ဆွေးနွေးခြင်း ရှိ၊ မရှိ အခြေအနေတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့ ဒါရိုက်တာအဖွဲ့တွင် ပါဝင်နေခြင်းကိစ္စအပေါ် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တို့ ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေပိုင်းဆိုင်ရာသဘောထားသည် ၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀ (စ) နှင့် ပုဒ်မ ၃၇ တို့အရ ၎င်းတို့နှစ်ဦးကိစ္စသည် ဥပဒေနှင့် မညီကြောင်းကို ပြန်ကြားထားပြီးဖြစ်ပါကြောင်း၊ ယင်းအပေါ်မူတည်ပြီး မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်သည် ဇူလိုင် ၆ ရက်တွင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် BOD မှ ၎င်း၏ သဘောဆန္ဒအရ နုတ်ထွက်ထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလာပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်သည် ဇူလိုင် ၆ ရက်တွင်ပင် ယခင်က ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များသည် ဥပဒေနှင့်မညီညွတ်သည့်အတွက် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆက်လက်ခန့်ထားရန် ခွင့်မပြုကြောင်းနှင့် ယခင်က ခွင့်ပြုထားသည့်စာကို ယခုစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ တရားဝင်စာပို့ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။




နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး။

### လမ်းကြောင်းမှန်ရောက်ရှိအောင်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ ကျင်းပရန် အစိုးရအနေဖြင့် ပြင်ဆင်ဆောင်ရွက်နေမှု၊ သတင်းရယူမှု၊ အစည်းအဝေးကျင်းပမည့် ပုံစံနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ၂၁ ရာစု ပင်လုံ ညီလာခံ တတိယအစည်း အဝေးကျင်းပခဲ့ပါကြောင်း၊ တတိယအစည်းအဝေး ပြီးသည့်နောက်ပိုင်း နှစ်နှစ်ရှိပြီဖြစ်ကာ ညီလာခံကျင်းပနိုင်ခြင်း မရှိသေးပါကြောင်း၊ ယင်းကာလအတွင်း EAO များနှင့် မိမိတို့ အကြား (10+10) ထိပ်သီး အစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ နိုဝင်ဘာလတွင် KNU နှင့် RCSS တို့က ကြေညာချက်များ အသီးသီးထုတ်ခဲ့ပါကြောင်း၊ ထိုသို့ ကြေညာချက်များ ထုတ်ပြန်ပြီးနောက် မိမိတို့နှင့်EAOများအကြား တရားဝင်နှင့်အလွတ်သဘော အစည်းအဝေးပေါင်းများစွာ ပြုလုပ်ခဲ့ပြီး လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ခဲ့ရပါကြောင်း။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် တရားဝင်အစည်းအဝေးအဖြစ် ၈ ကြိမ်မြောက် JICM အစည်းအဝေးကို နေပြည်တော်၌ ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်၊ သဘောတူညီချက် ရှစ်ချက်ရရှိခဲ့ပါကြောင်း၊ ယင်း ရှစ်ချက်ထဲတွင် ၂၁ ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ပထမ လေးလတာ ကာလအတွင်း ကျင်းပသွားရန် သဘောတူသည်ဟု ပါရှိပါကြောင်း၊ မိမိတို့အနေဖြင့် သင်္ကြန်မတိုင်မီကျင်းပရန် မျှော်မှန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်မြို့ NRPC ၌ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်တွင် JICM အစည်းအဝေးက ဆုံးဖြတ်ခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို အပိုင်းသုံးပိုင်းဖြင့် ဆုံးဖြတ်ချက်ကို သဘောတူညီချက်ရယူရန် ဆွေးနွေးခဲ့ပါကြောင်း၊ အပိုင်း(၁)အနေဖြင့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ အပိုင်း(၂)မှာ ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲအလွန် အဆင့်အလိုက်လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှု၊ အပိုင်း(၃) အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးဆိုင်ရာ လမ်းညွှန် အခြေခံမူတို့ဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အပြင် ကျင်းပမည့် လျာထားကာလကိုလည်း ဆုံးဖြတ်ထားပြီး ဖြစ်ပါကြောင်း။

### ရန်ကုန်၌ တွေ့ဆုံမည်

EAOနှင့် မိမိတို့အနေဖြင့် ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်၊ မတ်လ ၅ ရက်၊ ၇ ရက်တို့တွင် ဆွေးနွေးကြပါကြောင်း၊ ယင်းအချိန်သည် ပြည်ထောင်စု သဘောတူစာချုပ်ရရှိရန်အတွက် အရှိန်မြှင့်နေသည့်အချိန် ဖြစ်ပါကြောင်း၊ မတ် ၁၁ ရက်တွင် ကိုဗစ်–၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါကြောင်း၊ မတ် ၁၂ ရက်တွင် UPDJC အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး မတ် ၁၃ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ ကိုဗစ်–၁၉ နှင့် ပတ်သက်ပြီး ပြည်သူသို့ ပန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၂၀ မတ် ၂၃ ရက်တွင် မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပါကြောင်း၊ ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် မိမိတို့နှင့် EAO အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ကို ဧပြီ ၃၀ ရက်အထိ သတ်မှတ်ထားသောကြောင့် ဧပြီလကုန်အထိ စောင့်ကြည့်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ လာမည့်အပတ်တွင် EAO များနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံမည်ဖြစ်ပါကြောင်း။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုသဘောတူညီချက်စာချုပ် အချို့အပိုင်းများ၊ တော်တော်များများ သဘောတူနိုင်မည့် အခြေအနေရှိမည်ဟု ထင်ပါကြောင်း၊ ညီလာခံကို ဩဂုတ် ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်တို့တွင် ကျင်းပရန် အလုပ်အဖွဲ့၌ သဘောတူထားပါကြောင်း၊ ယင်းသဘောတူညီချက်ကို သက်ဆိုင်ရာခေါင်းဆောင်များထံ ပြန်လည်တင်ပြပြီး အတည်ပြုရန် သဘောတူညီထားပါကြောင်း၊ ယင်းအပေါ် အစိုးရနှင့်လွှတ်တော်က သဘောတူညီထားပါကြောင်း၊ EAO အဖွဲ့များ၏ PPST အဖွဲ့ကလည်း ဇူလိုင် ၁၀ ရက် အစည်းအဝေး ကျင်းပခဲ့ပြီး ယင်းအချိန်ဇယား လျာထားချက်ကို သဘောတူကြောင်း အစိုးရအဖွဲ့သို့ ပြန်ကြားလာပါကြောင်း၊ ယင်းအချိန်အတိုင်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံရေးပါတီအများစုကလည်း ယင်းအပေါ်အပြုသဘောဆောင်သဘောထားများပေးပါကြောင်း၊ မူလအလုပ်အဖွဲ့အစည်းအဝေးတွင် သဘောတူထားသည့် ဩဂုတ် ၁၂၊ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ညီလာခံကို ချုံ့ပြီး ဆောင်ရွက်ရခြင်းဖြစ်ပြီး ရလဒ်ကောင်းလည်း ထွက်စေလိုပါကြောင်း၊ Social Distancing နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ညီလာခံကို MICC (I)နှင့် (II) နှစ်နေရာလုံးတွင် ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ UPDJC နှင့် JICM တို့ကို MICC (I) တွင် ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားနှင့် လက်မှတ်ရေးထိုးပွဲကို MICC (II) တွင် ကျင်းပမည်ဖြစ်ပါကြောင်း။

### သတင်းရယူရန် အသိပေးမည်

မီဒီယာများအနေဖြင့် ညီလာခံကိုယ်စားလှယ်များတည်းခိုရာ ဟိုတယ်များသို့ သွားရောက် သတင်းရယူခွင့်ရှိမည် မဟုတ်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲများတွင်လည်း သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း သတင်းရယူရမည်ဖြစ်ပါကြောင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာတွင်လည်း ယခင်ကဲ့သို့ လူစုလူဝေးဖြင့် မဟုတ်ဘဲ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ အဆင်ပြေအောင် ဆောင်ရွက်ရန် စဉ်းစားထားပါကြောင်း၊ မီဒီယာများ သတင်းရယူနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက အသိပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အထက်တန်းကျောင်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသားမိဘများ စိုးရိမ်မှုမရှိအောင် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအနေဖြင့် အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက မေ ၂၂ ရက်တွင် ကျန်းမာရေး Guideline၊ SOP များနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း၊ ကျောင်းသားမိဘနှင့် ကျောင်းသားများ ဆောင်ရွက်ရမည့်အပိုင်း၊ ကျောင်းသူကျောင်းသားနှင့် ဆရာများ ဆောင်ရွက်ရမည့်အပိုင်း၊ ကျောင်းတာဝန်ရှိသူများ ဆောင်ရွက်ရမည့် အပိုင်းများအတွက် SOP များကို ရေးဆွဲထားပါကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ပြန်လည်ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်း ၆၁၇၁ ကျောင်း၊ အထက်တန်းအဆင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၁၀၀၀နှင့် ဘုန်းတော်ကြီးသင် အထက်တန်းအဆင့် စာသင်ကျောင်း လေးကျောင်း ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၆ သန်းခန့် ရှိရာတွင် ပြီးခဲ့သည့် တနင်္လာ၊ အင်္ဂါနေ့ထိ ကျောင်းအပ်နှံမှုအနေဖြင့် ၁ ဒသမ ၀၆ သန်း အပ်နှံပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

SOP ပြင်ဆင်မှုအပိုင်းအနေဖြင့် ကျောင်းမလာမီနှင့် ကျောင်းပို့ချိန်၊ ကျောင်းချိန်အတွင်း၊ မုန့်စား/ ထမင်းစားနားချိန်၊ ကျောင်းဆင်းချိန်နှင့် မိဘ၊ ဆရာများနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် SOP (Version 1.3) ကို ပြုစုထားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ ထို့ကြောင့် ကျောင်းများပြင်ဆင်ထားရှိမှုကို SOP နှင့်အညီ ပြင်၊ မပြင်နှင့် ပြင်ဆင်မှု ပြည့်စုံခြင်း ရှိ၊ မရှိကို Check List နှင့် ကွင်းဆင်း စစ်ဆေးသွား မည်ဖြစ်ပါကြောင်း၊ ပြည့်စုံမှုရှိပါက ဖွင့်လှစ်ရန်အဆင်သင့်ဖြစ်ပါက (A) အဆင့်၊ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်ရှိပါက(B) အဆင့်နှင့် ထပ်မံဖြည့်ဆည်း ဆောင်ရွက်ရန် အထူးလိုအပ်ချက်ရှိပါက (C) အဆင့် သတ်မှတ်ထားပါကြောင်း။

ယင်းသို့ စစ်ဆေးရာတွင် (A) အဆင့်မီသည့် ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ စစ်ဆေးမှုအဖွဲ့များကို တစ်မြို့နယ်လျှင် သုံးဖွဲ့နှင့် ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့တွင်ပါဝင်သူများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မိဘဆရာအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှ ကိုယ်စားလှယ်များပါဝင်ပါကြောင်း၊ ယင်းပူးပေါင်းအဖွဲ့များအား ယနေ့မှစတင်ကာ စစ်ဆေးရန် ညွှန်ကြားထားပါကြောင်း၊ SOP၊ Guideline များနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို Check List နှင့် စစ်ဆေးကာ ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားသည့် (A) အဆင့်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး (B) နှင့် (C) အဆင့်ရသည့် ကျောင်းများအား ပြန်ပြင်ဆင်စေကာ အဆင်သင့်ဖြစ်ပါက စစ်ဆေးရေးအဖွဲ့နှင့် ထပ်မံစစ်ဆေးမည်ဖြစ်ပါကြောင်း၊ ကျောင်းပြင်ပတွင် လူစု၊ လူဝေးမဖြစ်အောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့များက ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်မည့် ညွှန်ကြားချက်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် သဘောထားကွဲလွဲနေမှုများ ရှိပါကြောင်း၊ ဘော်ဒါဆောင်ရှိသော ကိုယ်ပိုင်ကျောင်းများ၊ ဘော်ဒါဆောင်နှင့် ချိတ်ဆက်သည့် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း ယင်းကျောင်းများကို ဖွင့်လှစ်ခွင့်မပြုခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

သတင်း– မျိုးဟန်ကျော်
ဓာတ်ပုံ– ကျော်ရဲဆွေ

## ပေါ့ဆ၍ မဖြစ်သေး

သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာမဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန်လိုအပ်သည်၊ မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည်စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်းနားလည်နိုင်စေရန် ဆောင်ရွက်ပေးလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍
ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၂၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ(၁၃၉)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ(၁၈၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ(၂၈၀)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁,၀၀၀)မှ ဓာတ်ခွဲနမူနာ(၁၃၅)ခု၊

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၂၉) ခု |
| (၁၇-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၉) ခု |
| (၁၇-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၅) ခု |
| (၁၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၄) ခု |
| (၁၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

စုစုပေါင်း (၁,၁၆၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၃၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ(၁)ဦး (Case- 280) တွေ့ရှိရသဖြင့် စုစုပေါင်း(၂၇၁)ဦးရှိပါသည်။ ၎င်းတို့အနက်(၂၅၇)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ(၆)ဦး ရှိပါသည်။

၅။ (၁၆-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၇-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရ သော စောင့်ကြည့်လူနာအသစ်(၁၇)ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၃၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၇၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ဓာတ်ခွဲနမူနာ (၂၅၄)ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ ဓာတ်ခွဲနမူနာ(၉၄၉)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ(၂၈၉)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ(၁၈၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ(၂၇၈)ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၁၇၃)ခု၊

စုစုပေါင်း(၁,၈၇၄)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ်(၂)ဦးတွေ့ရှိကြောင်းကို (၁၆-၇-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၁၇-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၉)ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၅၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေမှ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ လွှဲပြောင်းပေးအပ်

**ရန်ကုန်  ဇူလိုင်  ၁၇**

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) မှ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ ဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဆေးသုတေသန ဦးစီးဌာန(ရန်ကုန်)၌ ပြုလုပ်သည်။

**များစွာအထောက်အကူပြု**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပံ့ပိုးမှုများပေးခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health Fund) နှင့် အဓိက အလှူရှင်နိုင်ငံများဖြစ်သော United Kingdom၊ အမေရိကန်ပြည်ထောင်စု၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ ပံ့ပိုးမှုများသည် ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လူနာ ဓာတ်ခွဲအတည်ပြုစစ်ဆေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုစွမ်းရည်နှင့် အရေအတွက်တိုးမြှင့်ဆောင်ရွက်ရာတွင် Access to Health Fund မှ ပံ့ပိုးမှုများသည် ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုမြန်ဆန်တိကျစေရန် များစွာအထောက်အကူပြုပါကြောင်း၊ Access to Health Fund မှ ပံ့ပိုးမှုများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအတွက် ပံ့ပိုးထောက်ပံ့ပေးခြင်းသည် ကောင်းမွန်ပါကြောင်း၊ သွားလာရခက်ခဲသောဒေသများတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေးအတွက် နှစ်လလျှင် တစ်ကြိမ်ခန့် အဆိုပါအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Dan Chugg၊ USAID မှ Deputy Head of Mission ဖြစ်သူ Ms. Teresa McGhie နှင့် Access to Health Fund Management Office မှ Fund Director ဖြစ်သူ Mr. Oren Ginzburg တို့က ပံ့ပိုးမှုများဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) မှ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




**လွှဲပြောင်းပေးအပ်**

ယနေ့ပြုလုပ်သော လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) သည် ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ သန်း ပံ့ပိုးပြီး ကတိကဝတ်ထား လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆေးသုတေသနကဏ္ဍ တိုးတက်မြှင့်တင်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန်  ဇူလိုင်  ၁၇**

မြန်မာနိုင်ငံဆေးသုတေသနကဏ္ဍ တိုးတက်မြှင့်တင်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဆေးသုတေသန ဦးစီးဌာန (ရန်ကုန်)၌ ပြုလုပ်သည်။



**ထိပ်တန်းအဆင့်ဌာန**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးသုတေသနလုပ်ငန်းများသည် ဝန်ကြီးဌာနနှင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်သာမက နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် ဆေးသုတေသနဦးစီးဌာနကို ထူးခြားစွာ ဘက်စုံတိုးတက်ပြောင်းလဲမှုရရှိစေရေးအတွက် ပြုပြင်ဆောင်ရွက်သင့်သည်များကို အမြန်ဆုံးဆောင်ရွက်စေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနသည် ဝန်ကြီးဌာန၏ အခြားဦးစီးဌာနများကဲ့သို့ ဝန်ဆောင်မှုပေးရသည့် ဌာနမဟုတ်ဘဲ အတတ်ပညာနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာဌာနဖြစ်သဖြင့် ဝန်ကြီးဌာနရှိ တက္ကသိုလ် ၁၆ ခုနှင့် ယင်းတက္ကသိုလ်များ၌ တက်ရောက်နေသော ဘွဲ့လွန်ကျောင်းသားများအားလုံးက သုတေသနကျွမ်းကျင်မှုပိုင်းဆိုင်ရာ၌ ယုံကြည်အားကိုးရသော ထိပ်တန်းအဆင့်ဌာနအဖြစ် အမြန်ဆုံးဖြစ်လာရန် ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဆေးသုတေသနဦးစီးဌာန တည်ထောင်ခဲ့စဉ်မှ ယနေ့အထိ ဝန်ကြီးဌာနနှင့် နိုင်ငံတော်အား အကျိုးပြုခဲ့သည့် အတိုင်းအတာ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းနည်းဗျူဟာများ ချမှတ်ရာတွင် သုတေသနတွေ့ရှိချက်များဖြင့် ပံ့ပိုးပါဝင်ခဲ့မှု အတိုင်းအတာများကို ပြန်လည်ဆန်းစစ်သုံးသပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ရေးဆွဲခဲ့သည့် အမျိုးသားကျန်းမာရေးသုတေသန မူဝါဒ (၂၀၁၇) တွင်ပါဝင်သော အချက်များကို ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ကာ ယခုအခြေအနေအရပ်ရပ်နှင့် ကိုက်ညီစေရေး ပြုပြင်သင့်သည်များ ပြုလုပ်စေလိုပါကြောင်း၊ မူဝါဒကို အခြေခံ၍ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာများရေးထိုးထားသော နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ကွန်ရက်သဖွယ် ချိတ်ဆက် (networking) ကာ ပူးပေါင်းဆောင်ရွက်သည့် သုတေသန (joint collaboration research နှင့် multicentric research) များကို ယခုထက် ပိုမိုပြုလုပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ထူထောင်ခဲ့သည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန မှတ်ပုံတင်စနစ် (Myanmar health research registry)၊ သုတေသန သတင်းအချက်အလက်စနစ် (research information system) နှင့် သုတေသနခေါင်းစဉ်ဘဏ်တိုက် (research title bank) တို့ကို ပိုမိုကောင်းမွန်ပြည့်စုံစေရေးနှင့် ခေတ်မီစေရေး အမြန်ဆုံးမွမ်းမံဆောင်ရွက်သွားစေလိုပါကြောင်း၊ သုတေသနခေါင်းစဉ် ဘဏ်တိုက်ကိုအမြဲမွမ်းမံကာ ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်မန်နေဂျာများထံ အခါအားလျော်စွာ ပေးပို့စေလိုပါကြောင်း။

**ပြုစုထုတ်ဝေ**

ဆေးသုတေသနဦးစီးဌာန၏ မူပိုင်အဖြစ် သုတေသနဆိုင်ရာကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှုဘုတ်အဖွဲ့ လုပ်ငန်းလမ်းညွှန်၊ သုတေသနစီမံခန့်ခွဲမှု၊ သုတေသန နည်းပညာဆိုင်ရာ စာအုပ်စာတမ်းများကို ပြုစုထုတ်ဝေစေလိုပါကြောင်း၊ သုတေသန စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ယခုထက်ပိုမိုပြုလုပ်စေလိုပြီး ဝန်ကြီးဌာန၏ တက္ကသိုလ်များတွင် သုတေသနဆိုင်ရာအကြောင်းအရာများ ပိုမိုထည့်သွင်းသင်ကြားနိုင်မှသာလျှင် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနသည် သုတေသနပြုလုပ်ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းနှင့် သုတေသနယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရေးအတွက် (၂၀၁၆) ခုနှစ်၊ ဧပြီလမှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်အထိ သုတေသနပြုလုပ်ရန် ရန်ပုံငွေကျပ်သန်းပေါင်း ၆၀၀၀ ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်၌လည်း သုတေသနရန်ပုံငွေကျပ်သန်း ၃၀၀၀ လျာထားပါကြောင်း၊ သုတေသနအဆိုပြုလွှာများကို စိစစ်ရွေးချယ်ရာတွင် အဆိုပါသုတေသနသည် မိမိတို့ဝန်ကြီးဌာန၊ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိမှုအပေါ် အခြေခံစဉ်းစားကာ သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ကျိုးကြောင်းခိုင်လုံမှု၊ ရရှိလာမည့်သုတေသနရလဒ်ကို လက်တွေ့အသုံးချဆောင်ရွက်နိုင်မှု စသည့် အချက်များကို စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါသုတေသန ရန်ပုံငွေများကို အသုံးပြုကာ ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေး အသုံးချသုတေသနများကို မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ယခုထက် ပိုမိုဆောင်ရွက်ကြစေလိုပါကြောင်း၊ အထူးသဖြင့် သမားရိုးကျမှ ဖောက်ထွက်သော ဆန်းသစ်သည့် အတွေးအမြင်များဖြင့် ဝန်ကြီးဌာန၊ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် သုတေသနအကြောင်းအရာ အသစ်များကို ပြုလုပ်စေလိုပါကြောင်း၊ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ စီမံချက်များရေးဆွဲခြင်း၊ ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ခွဲဝေချထားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာန၏လုပ်ငန်းများ ပိုမိုပီပြင်အောင်မြင်နိုင်ကာ ကျန်းမာရေးအရင်းအမြစ်များကို အလေအလွင့်နည်းပါးစွာဖြင့် ပိုမိုအကျိုးရှိထိရောက်မှုရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (INGOs) များအနေဖြင့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ သုတေသနများပြုလုပ်ရာတွင် သုတေသနအဆိုပြုလွှာကို ဝန်ကြီးဌာနမှ သုတေသနဆိုင်ရာကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှုဘုတ်အဖွဲ့တစ်ခုခုတွင် တင်ပြခွင့်ပြုချက်ရရှိပြီး ဝန်ကြီးဌာန၏ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ပြီးမှသာ သုတေသနပြုလုပ်ခွင့်ပြုရမည်ဖြစ်ပါကြောင်း။

**ဟောပြောမှုပြုလုပ်**

ဆေးသုတေသနဦးစီးဌာနတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဟောပြောမှုအစီအစဉ်ကို အပတ်စဉ်ပြုလုပ်စေလိုပါကြောင်း၊ ထိုသို့ဟောပြောမှုများတွင် ဆေးသုတေသနဦးစီးဌာနမှ ပညာရှင်များသာမက ဝန်ကြီးဌာန၏ တက္ကသိုလ်များမှ ပညာရှင်များလည်း ဟောပြောမှုများ ပါဝင်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနတွင် သုတေသနနည်းစနစ်၊ သုတေသနအတွက် နမူနာကောက်ယူမည့် အရေအတွက်နှင့် နမူနာကောက်ယူမည့်နည်းလမ်းဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်များရှိစေလိုပြီး သီးသန့်ဌာနခွဲများအဖြစ် ဖွဲ့စည်းဆောင်ရွက်စေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနတွင် ကျင့်ဝတ်ဂုဏ်သိက္ခာ မြင့်မားခိုင်မာသော သုတေသနများဖြစ်စေရေး စောင့်ကြည့်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းကာ သုတေသနဆိုင်ရာကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှု ဘုတ်အဖွဲ့များကို ကြီးကြပ်ဆောင်ရွက်စေလိုပါကြောင်း၊ ယခုနှစ် ဇွန်လတွင် ပြုလုပ်ခဲ့သော ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့် ဆေးသုတေသနဦးစီးဌာနအကြား အသုံးချသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေး ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၊ နိုင်ငံနှင့် ပြည်သူများအတွက် ရေရှည်အကျိုးကို မျှော်ကိုးကာ တစ်ဦးနှင့်တစ်ဦး၊ ဌာနတစ်ခုနှင့်တစ်ခု ရိုင်းပင်းကူညီပံ့ပိုးမှုများဖြင့် မြန်မာနိုင်ငံဆေးသုတေသနကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေး ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းက ဝန်ကြီးဌာန၏ သုတေသနရန်ပုံငွေများကို အသုံးချဆောင်ရွက်မှုအခြေအနေ၊ (၄၉) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးသုတေသနညီလာခံအတွက် အကြောင်းအရာခေါင်းစဉ်၊ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)၏ molecular laboratory ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန်အစီအစဉ်၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြုလုပ်ထားရှိသော သုတေသနများနှင့် ဆက်လက်ပြုလုပ်မည့် သုတေသနများနှင့် အထွေထွေတင်ပြချက်များကို တင်ပြသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက ဆေးသုတေသနကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် အထွေထွေဆွေးနွေး အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၉၃၀၂ | ၃၃၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၇၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၄၅၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၅၇ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၂ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၃၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၇-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၃၆၉၈၃၉၂ | ၁၆၈၀၄၂၄ | ၁၄၁၁၅၀ |
| ဘရာဇီး | ၂၀၁၅၃၈၂ | ၁၃၆၆၇၇၅ | ၇၆၈၄၆ |
| အိန္ဒိယ | ၁၀၁၇၁၁၆ | ၆၄၄၁၇၂ | ၂၅၇၇၇ |
| ရုရှား | ၇၅၉၂၀၃ | ၅၃၉၃၇၃ | ၁၂၁၂၃ |
| ပီရူး | ၃၄၁၅၈၆ | ၂၀၃၉၉၄ | ၁၂၆၁၅ |
| တောင်အာဖရိက | ၃၂၄၂၂၁ | ၁၆၅၅၉၁ | ၄၆၆၉ |
| မက္ကဆီကို | ၃၂၄၀၄၁ | ၂၀၃၄၆၄ | ၃၇၅၇၄ |
| ချီလီ | ၃၂၃၆၉၈ | ၂၉၅၃၀၁ | ၇၂၉၀ |
| စပိန် | ၃၀၅၉၃၅ | စိစစ်ဆဲ | ၂၈၄၁၆ |
| ဗြိတိန် | ၂၉၂၅၅၂ | စိစစ်ဆဲ | ၄၅၁၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၃၁၃၀ | ၄၁၈၃၄ | ၃၉၅၇ |
| ဖိလစ်ပိုင် | ၆၃၀၀၁ | ၂၁၇၄၈ | ၁၆၆၀ |
| စင်ကာပူ | ၄၇၄၅၃ | ၄၃၂၅၆ | ၂၇ |
| မလေးရှား | ၈၇၅၅ | ၈၅၄၁ | ၁၂၂ |
| ထိုင်း | ၃၂၃၉ | ၃၀၉၆ | ၅၈ |
| ဗီယက်နမ် | ၃၈၂ | ၃၅၆ | ၀ |
| မြန်မာ | ၃၃၉ | ၂၇၁ | ၆ |
| ကမ္ဘောဒီးယား | ၁၇၁ | ၁၃၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

## အင်းစိန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ကျန်းမာရေးအထောက်အကူပစ္စည်း ခြောက်မျိုး လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ အင်းစိန်မြို့နယ်၏ အမှတ်(၁)၊ (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်၊ မြို့နယ်/ခရိုင် တာဝန်ရှိသူများနှင့် အထကရှစ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။



**လှူဒါန်း**

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ လှူဒါန်းသော ဆပ်ပြာဆီ ဂါလန် ၈၀၊ အပူချိန်တိုင်းကိရိယာ ၁၆ ခု၊ အဝတ်နှာခေါင်းစည်း အခု ၄၀၀၊ ပလန်အင်တာနေရှင်နယ်မြန်မာက ကျန်းမာရေး အထောက်အကူပြုပစ္စည်း ခြောက်မျိုးတို့ကို လှူဒါန်းခဲ့ရာ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူခဲ့ကြပြီး ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## မြို့သစ်မြို့နယ်၌ ငါးသားဖောက်ရုံတည်ဆောက်နေမှု ကြည့်ရှု

**မကွေး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌွေးသည် ယနေ့ နံနက် ၈ နာရီခွဲတွင် မကွေးခရိုင် မြို့သစ်မြို့နယ်ရှိ မြို့သစ်မြို့နယ်ငါးသားပေါက်စခန်းသစ် တည်ဆောက်ရေးလုပ်ငန်းသို့ လာရောက်ကြည့်ရှုစစ်ဆေးသည်။

ငါးသားဖောက်စခန်းတည်ဆောက်နေသည့် အားမာန်ကုမ္ပဏီမှ တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုတင်ပြရာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ငါးသားပေါက်စခန်းသစ်တည်ဆောက်ရေး လုပ်ငန်းများကို ဩဂုတ်လကုန်တွင် အချောသတ်ပြီး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ❒ စင်ကာပူနိုင်ငံမှ

ထို့ပြင် ပြည်ပနိုင်ငံအသီးသီးတွင်ရောက်ရှိနေပြီး စာချုပ်သက်တမ်းပြည့်လွန်နေသဖြင့် Crew Change ပြုလုပ်ရန် လိုအပ်နေသည့် မြန်မာသင်္ဘောသား စုစုပေါင်း ၈၇ ဦးတို့အား သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများ၏ စီစဉ်ပေးမှုဖြင့် ဆုံရပ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Korea Airlines အထူးလေလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး ဆိုးလ်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးအထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ဆုံရပ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသား ၁၇၆၂ ဦးအားလည်းကောင်း၊ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသား ၁၇၆၀ အားလည်းကောင်း အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း ပင်လယ်ကျွန်းကျေးရွာများရှိ ဆလုံလူမျိုး မိသားစုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ကော့သောင်း ဇူလိုင် ၁၇**
ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသောက်ရေးကိစ္စများ အခက်အခဲဖြစ်ပေါ်နေမှုကို တစ်စိတ်တစ်ဒေသအဆင်ပြေကြစေရန် KMA Foundation နှင့် KentonTrading Co.,Ltd.တို့ က ပင်လယ်ပျော်မော်ကင်း(ခ) ဆလုံလူမျိုးမိသားစုအများစုနေထိုင်ရာ ကော့သောင်းမြို့နယ်အတွင်း ပင်လယ်ကျွန်းရွာများရှိ ကျေးရွာပြည်သူမိသားစုများအား အခြေခံစားသောက်ကုန်များကို ယမန်နေ့က လိုက်လံဖြန့်ဝေထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထောက်ပံ့လှူဒါန်းမှုတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလကြာရှည်လာသည်နှင့်အမျှ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများရှိ အခြေခံလူတန်းစားများအပါအဝင် ပင်လယ်ကျွန်းကျေးရွာများ၌ နေထိုင်ကြသည့် မော်ကင်း(ခ)ဆလုံလူမျိုးများနှင့် ဒေသခံပြည်သူများ စားသောက်ရေးကိစ္စများ တဖြည်းဖြည်း အခက်အခဲဖြစ်ပေါ်လျက်ရှိရာ ခရီးသွားလုပ်ငန်းလုပ်ကိုင်သည့် အဆိုပါကုမ္ပဏီများမှ တာဝန်ရှိသူများက ကော့သောင်းမြို့နယ်အတွင်းရှိ ဘိုချိုကျွန်း(မကြုံ့ဂလက်ကျေးရွာ)၊ ဂျာလန်းကျွန်းကျေးရွာ၊ ညောင်ဝိကျွန်းကျေးရွာ၊ ဂျာအုံးကျွန်းကျေးရွာများရှိ ဆလုံလူမျိုးမိသားစုများနှင့် ကျေးလက်နေဒေသခံမိသားစုများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် အခြားကုန်ခြောက်ပစ္စည်းများအား ဖြန့်ဝေထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## လက်ပံတန်း၌ ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေးပိုစတာနှင့် ငါးရစ်ငါးသန် ကာကွယ်တားဆီးရေးပိုစတာများ စိုက်ထူ

**လက်ပံတန်း ဇူလိုင် ၁၇**
သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင် ဦးဆောင်၍ လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့၌ ငါးစားသုံးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးပိုစတာနှင့် ငါးရစ်ငါးသန် ကာကွယ်တားဆီးရေး အသိပညာပေးပိုစတာများအား စိုက်ထူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေ

**တောင်ကြီး ဇူလိုင် ၁၇**
ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား ကုလားပဲများအား ယနေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ အခြေခံပြည်သူလူထုများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေလှူဒါန်းပေးအပ်ကြောင်း သိရသည်။

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာသို့ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်၊ ကံကြီးရပ်ကွက်နှင့် ချမ်းသာရပ်ကွက်သုံးခုသို့ သွားရောက်၍ ရပ်ကွက်နေ အခြေခံပြည်သူအိမ်ထောင်စု ၁၀၆၀ စုတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၀၆၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်.။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် တောင်ကြီးမြို့ပေါ်ရပ်ကွက်များရှိ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းထံမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဝိတ်တန်းနှစ်ခုချန်ပီယံ အောင်လအန်ဆန်၏ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးမှု Negative အဖြေထွက်

**ရန်ကုန် ဇူလိုင် ၁၇**
ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့် ဝိတ်တန်းနှစ်ခုချန်ပီယံ မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးမှုမှာ Negative အဖြေထွက်ပေါ်ခဲ့ကြောင်း ယနေ့ နံနက်ပိုင်းတွင် ၎င်း၏ ဖေ့စ်ဘွတ်မှတစ်ဆင့် အသိပေးခဲ့သည်။

အောင်လအန်ဆန်သည် ဇူလိုင်လဆန်းပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံထားရကြောင်း အတည်ပြုခဲ့ပြီး နေအိမ်တွင် Quarantine ပုံစံနေထိုင်ခဲ့ရကာ အောင်လအန်ဆန်သည် ပြီးခဲ့သည့်စနေနေ့က ပြန်လည်စစ်ဆေးခဲ့ရာ Negative အဖြေထွက်ခဲ့ခြင်းဖြစ်ပြီး ပုံမှန်လေ့ကျင့်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ဧပြီလက ရွှေ့ဆိုင်းထားရသည့် ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာလတွင် ထိုးသတ်ရဖွယ်ရှိနေပြီး ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကာ ယင်းပွဲအတွက် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရထားသည်။

အောင်လအန်ဆန်သည် ပြီးခဲ့သည့်နှစ်ပွဲတွင် စိန်ခေါ်သူအဖြစ်သာ ဘစ်ဒက်ရှ်ကို ရင်ဆိုင်ခဲ့ရသော်လည်း ယခုအကြိမ်တွင်မူ လက်ရှိချန်ပီယံအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၉ ခုနှစ်အောက်တိုဘာလက နောက်ဆုံးပွဲထိုးသတ်ထားပြီး ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နှစ်အကြာမှ ပြိုင်ပွဲ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် နောက်ဆုံးပွဲအဖြစ် လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ဘရန်ဒန်ဗီရာကို ဒုတိယအချီတွင် အနိုင်ရခဲ့သည်။

**ရှိုင်းထက်ဇော်**

## လပွတ္တာမြို့နယ် ကြာနီကန်မိဦး ရေတံခါးရွှေ့ ဒီရေတောအတွင်း ကဏန်းမျိုးများ စိုက်ထည့်

**လပွတ္တာ ဇူလိုင် ၁၇**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ရွံ့ကဏန်း သယံဇာတထိန်းသိမ်းရေးအတွက် ကဏန်းမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့တွင် သပြုကုန်းကျေးရွာအုပ်စု ရွှေမြစ်ကမ်းဘေး မိဦးရေတံခါးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကဏန်းလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် ကျေးရွာဒေသခံများ စုစုပေါင်း ၄၅ ဦး တက်ရောက်သည်။

ရွံ့ကဏန်း သယံဇာတထိန်းသိမ်းရေးအတွက် ကဏန်းသားပေါက်ကောင်ရေ ၂၀၀၀၀၊ ကဏန်းငယ် ဆိုက်စုံကောင်ရေ ၁၃၅၀၀ နှင့် ကဏန်းအမကြီးကောင်ရေ ၁၅၀ စုစုပေါင်းကောင်ရေ ၃၃၆၅၀ မျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**








# ရှေ့နေနှင့် နိုင်ငံတော်လုပ်ကြံမှု

ဦးဟန်ညွန့် (ဥပဒေ)




## နိဒါန်း

“ဆရာ”

“ဗျာ”

“ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ”

“ရှေ့နေနှင့် နိုင်ငံတော်လုပ်ကြံမှုပါတဲ့”

“ဘာအဓိပ္ပာယ်လဲဆရာ”

“ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်တဲ့အမှုကို နိုင်ငံတော်လုပ်ကြံမှုလို့ သတ်မှတ်ခေါ်ဆိုခဲ့တဲ့အကြောင်းပါ”

“ဘယ်သူက မိန့်မှာတာလဲဆရာ”

“ဒေါက်တာမောင်မောင်ရေးတဲ့ နိုင်ငံတော်လုပ်ကြံမှုဆိုတဲ့ ထင်ရှားတဲ့စာအုပ်အကြောင်း အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ရေးပြပါ့မယ်။”

“ဖတ်ကြည့်ကြပါစို့”

## နိုင်ငံတော်လုပ်ကြံမှုဆိုတာဘာလဲ

“ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ရဲဘော်အပေါင်းအား လုပ်ကြံခြင်းကို နိုင်ငံတော်လုပ်ကြံမှုကြီးဟု ခေါ်သည်။ နိုင်ငံ၏သမိုင်းတွင် ထင်ရှားသော မှုခင်းကြီးဖြစ်သည်။ မြန်မာပြည်သစ်ကို ထူထောင်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ရဲဘော်ခေါင်းဆောင်များကို လုပ်ကြံခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်ကို လုပ်ကြံခြင်းမြောက်သည်။ သမိုင်းကိုပြောင်းစေသော လုပ်ကြံမှုကြီးလည်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်လုပ်ကြံမှုကြီးဟု ခေါ်ခြင်းဖြစ်ကြောင်း” ဒေါက်တာမောင်မောင်က ရေးသားခဲ့သည်။ (စာ-၁၃)

## ဒေါက်တာမောင်မောင်

ဒေါက်တာမောင်မောင်သည် ဥပဒေကျမ်းများ၊ စာအုပ်များကို ပြုစုခဲ့သော ဥပဒေပညာရှင် သုတေသီတစ်ဦးဖြစ်သည်။ ဥပဒေပါရဂူတစ်ဦးလည်းဖြစ်သည်။ ရှေ့နေချုပ်လည်းဖြစ်သည်။ ဥပဒေကထိကလည်းဖြစ်သည်။ နိုင်ငံတော်တရားသူကြီးချုပ်လည်းဖြစ်သည်။ တော်လှန်ရေးကောင်စီဝင်၊ တရားရေးဝန်ကြီး၊ နိုင်ငံတော်ကောင်စီဝင်စသည့် တာဝန်များလည်း ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်သမ္မတအဖြစ် အငြိမ်းစားယူခဲ့သူလည်းဖြစ်သည်။ ဤသို့သော ပညာရှင်ကြီးက ရေးသားပြုစုခဲ့သည့် နိုင်ငံတော်လုပ်ကြံမှုစာအုပ်မှာ မြန်မာ့သမိုင်းတွင် အထင်ကရရှိလှသည်။ ရည်ညွှန်းကျမ်းတစ်စောင်လည်း ဖြစ်သည်။ ရန်ကုန်မြို့ သူရိယစာပေတိုက်က ပဥ္စမအကြိမ်အဖြစ် ၂၀၁၂ တွင် ထုတ်ဝေခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ပုံရိပ်ကို ဖော်ဆောင်ပေးသော ကျမ်းစာအုပ်ဖြစ်ခြင်းကြောင့် ကျွန်တော်သည် နိုင်ငံတော်လုပ်ကြံမှုစာအုပ်ကို စွဲမက်သည်။ နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့်ဦးစော) အကြောင်း ပြန်ပြောင်းတင်ပြပါရစေ။

## ဆရာဇော်ဂျီ၏ မိတ်ဆက်

ဆရာဇော်ဂျီက “ကံမကောင်း အကြောင်းမလှသဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့ကြရပြီ။ တစ်မျိုးသားလုံး၏ ခံစားမှုအတွေ့အကြုံသည်လည်း တစ်နိုင်ငံလုံး၌ ရှိခဲ့ကြရပြီ။ ထိုခံစားမှု အတွေ့အကြုံကို သတိပြုကြရမည်သာ။ ပေါ့ပေါ့ဆဆနေလိုက်ကြလျှင် အချည်းနှီးဖြစ်ရာသည်။ အချည်းနှီးကား မဖြစ်ထိုက်။ မှတ်တမ်းရေးကြရမည်။ သို့မှသာ နောင်လာနောက်သားတို့သည် မှတ်တမ်းမှတစ်ဆင့် ထိုခေတ်က တစ်မျိုးသားလုံး၏ ခံစားမှုအတွေ့အကြုံကိုရ၍ အသိအလိမ္မာရနိုင်ကြရာသည်။ ရနိုင်ကြအောင် မှတ်တမ်းရေးသူက ရေးတတ်လျှင် ရမည်မုချဖြစ်သည်။ ဤကျမ်းကို ပြုသူသည် ခေတ်ကို သိသူလည်းဖြစ်သည်။ လုပ်ကြံမှုနှင့်စပ်လျဉ်း၍ သူကိုယ်တိုင် ခံစားမှုအတွေ့အကြုံရှိခဲ့သူလည်း ဖြစ်သည်။ အမှုသွား၊ အမှုလာကို လေ့လာခဲ့သူလည်း ဖြစ်သည်။ သက်ဆိုင်ရာအချက်တို့ကို စနစ်တကျ ရှာခဲ့သူလည်း ဖြစ်သည်။ တစ်ဖန် စာရေးဆရာကောင်းတစ်ဦးအဖြစ်ဖြင့် ရသမျှဖြစ်သောအချက်တို့ကို စေတနာကောင်း၊ အစီအစဉ်ကောင်း၊ အစည်းအရုံးကောင်းတို့ဖြင့် လမ်းကြောင်းပြတတ်သူလည်းဖြစ်သည်” ဟု မိတ်ဆက်အမှာစာရေးခဲ့ပါသည်။

## အနှစ်သာရ

ဒေါက်တာမောင်မောင်ရေးသားပြုစုသော နိုင်ငံတော်လုပ်ကြံမှုသည် ရာဇဝင်ရိုင်းအောင် ပြုခဲ့ကြသော လူမသမာတို့၏ မိုက်ပြစ်အကြောင်း ဖော်ပြခြင်းလည်းဖြစ်သည်။ တရားဥပဒေအတိုင်း မိုက်ပြစ်ကို ခံလိုက်ကြရပါပြီ။ စိတ်ပြေကြပါတော့။ ရှေ့အဖို့ အလိမ္မာအသိ၊ သတိဖြစ်အောင်သာ အားထုတ်ကြပါတော့ဟု ကျမ်းဆရာ ဒေါက်တာမောင်မောင်က သတိပေးရေးသားခဲ့သည်။

## အထူးခုံရုံးဖွဲ့စည်းခြင်း

၁၉၄၇ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် လုပ်ကြံမှုကို စစ်ဆေးစီရင်ရန် ဘုရင်ခံက အထူးခုံရုံးဖွဲ့စည်းသည့် ဥပဒေကို ထုတ်ပြန်သည်။ ခုံရုံးတွင် နာယကနှင့် အဖွဲ့ဝင်နှစ်ဦးပါသည်။ တရားသူကြီးများရွေးချယ်ရာတွင် ရိုးသားသော၊ အရည်အချင်းပြည့်စုံသော၊ ကြံ့ခိုင်သော၊ အစိုးရနှင့်ပြည်သူကလက်ခံသောသူများကို ရွေးခဲ့သည်။ နာယကမှာ ဦးကျော်မြင့်ဖြစ်သည်။ အဖွဲ့ဝင်နှစ်ဦးမှာ ဦးအောင်သာကျော်နှင့် ဦးစီဘူးတို့ဖြစ်သည်။ (စာ-၁၃၀)

## ရုံးထိုင်ခြင်း

အထူးခုံရုံးကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းသည်။ ၂၄ ရက်နေ့တွင် စတင်၍ ရုံးထိုင်သည်။ ရှေ့နေချုပ် ဦးထွန်းဖြူ၏ စွဲဆိုလွှာကို ထိုနေ့၌ပင် လက်ခံသည်။ မှုခင်းစီရင်ရန် ဖွင့်သည်။ အောက်တိုဘာလ ၈ ရက်နေ့တွင် စတင်အမှုစစ်မည်။ လုံခြုံရေးအတွက် အင်းစိန်အကျဉ်းထောင်ကြီးအတွင်း၌ ရုံးထိုင်မည်။ အမှုစစ်ဆေးရာသို့ သတင်းထောက်များ ဝင်ခွင့်လက်မှတ်ရသော လေ့လာသူများ လာရောက် နားထောင်နိုင်ကြသည်။

## ရှေ့နေငှားခြင်း

တရားခံများ ရှေ့နေငှားရမ်းနိုင်သည်။ ရှေ့နေမငှားရမ်းနိုင်လျှင် အစိုးရစရိတ်ဖြင့် ငှားပေးမည်။ တရားလိုဘက်မှ ရှေ့နေချုပ် ဦးထွန်းဖြူ ခေါင်းဆောင်သည်။ ဦးထွန်းဖြူကို ကူညီလိုက်ပါကြမည့်သူများမှာ အစိုးရရှေ့နေ ဦးချွန်ဖောင်နှင့် အထူးအရာရှိ ဦးမြသိန်းတို့ဖြစ်သည်။ တရားရေးဌာန၊ ပြည်ထဲရေးဌာန၊ ရဲအဖွဲ့၊ စုံထောက်အဖွဲ့တို့သည် စုံစမ်းမှု ပြင်ဆင်မှုများ ပြုလုပ်ကြသည်။ နေ့ညမအား ကြိုးစားလုပ်ကြရသည်။ လုံခြုံရေးတာဝန်များ ဆောင်ရွက်ကြရသည်။ ဦးစောအတွက် လန်ဒန်မှလာရောက်၍ လိုက်ပါဆောင်ရွက်ခဲ့သော ရှေ့နေဝတ်လုံမှာ မစ္စတာကားတစ်ဘက်နက်ဖြစ်သည်။



အထူးရာဇဝတ်ခုံရုံးဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်သာကျော်၊ ဦးစီဘူးတို့ ရုံးထိုင်ရန် တရားခွင်သို့လာကြစဉ်။

**ဓာတ်ပုံ-တပ်မတော်မော်ကွန်းတိုက်။**

## ၁၉၄၇ ခုနှစ်၊ အမှုကြီးအမှတ် – ၁

လုပ်ကြံမှုကြီးကို အထူးခုံရုံး၏ ၁၉၄၇ ခုနှစ် အမှုကြီး အမှတ် ၁ ဟု အမှတ်စဉ်တပ်လေသည်။ အမှု၏အမည်မှာ ‘ဘုရင်နှင့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန်(ခေါ်) စိန်ကြီး (ခေါ်) လှအောင်၊ ရန်ကြီးအောင် (ခေါ်) လှထွန်း၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ (ခေါ်) ဘိုနီ (ခေါ်) ဂနီနှင့် မှုံကြီး (ခေါ်) မောင်မှုံ’ ဖြစ်လေသည်။ အတိုခေါ်လျှင် ‘ဘုရင်နှင့် ဦးစောပါ ကိုးဦး။’ ဘညွှန့်သာ အစိုးရသက်သေ သို့မဟုတ် ‘ဖော်ကောင်’ မလုပ်လျှင် တရားခံ ၁၀ ဦးဖြစ်မည်။ မြန်မာပြည် လွတ်လပ်ရေးမရသေး။ အင်္ဂလိပ်လက်အောက်၌ရှိနေသေး၍ နိုင်ငံက တရားလို ပြုလုပ်၍ တရားစွဲဆိုသည်ကို ဆဋ္ဌမမြောက် ဂျော့ဘုရင်က တရားစွဲဆိုသလို လုပ်ထုံးအရ အမှုကို ကင်ပွန်းတပ်ခြင်းဖြစ်၏။ (စာ-၁၃၅) နောင်တွင် နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့် ဦးစော)ဟု ဒေါက်တာမောင်မောင်က ခေါ်ဝေါ်ရေးသားခဲ့သည်။ ခုံရုံးစတင်ထိုင်သောနေ့များတွင် အထူးလူစည်ကားလေသည်။ သတင်းစာဆရာများတွင် နိုင်ငံခြားသတင်းစာများက အထူးစေလွှတ်သော သတင်းထောက်အချို့ ပါဝင်သည်။ ခုံရုံးနာယက၏ ခွင့်ပြုချက်ဖြင့် အတော်အသင့် ဓာတ်ပုံရိုက်ခွင့်ရကြသည်။

(စာ-၁၃၆)

## စီရင်ချက်ချမှတ်ခြင်း

လုပ်ကြံမှုကြီးကို ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ရုံးစတင်ထိုင်ပြီး ၁၅ ရက်နေ့တွင် သက်သေများစစ်ဆေး၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စီရင်ချက်ချမှတ်နိုင်ခဲ့သည်။ မောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် ရန်ကြီးအောင်တို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၄ နှင့် ယှဉ်တွဲဖတ်ရသည့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်ဒဏ်ထိုက်သင့်သော အကြံတူညဏ်တူ ပူးပေါင်းကျူးလွန်သည့် လူသတ်မှုအတွက် အပြစ်ရှိကြကြောင်း ဆုံးဖြတ်ပြီးလျှင် ဆိုခဲ့သော တရားခံများအပေါ် သေစေပြစ်ဒဏ်ချမှတ်လိုက်သည်။ ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် မှုံကြီးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၁၀၉ နှင့် ယှဉ်တွဲဖတ်ရသော ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ရာဇဝတ်ပြစ်မှုများကျူးလွန်ရန် အားပေးကူညီမှုအတွက် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ပြီးလျှင် တစ်ဦးစီအပေါ် သေစေပြစ်ဒဏ် ချမှတ်လိုက်သည်။

အထူးရာဇဝတ်ခုံရုံးက စီရင်ချက်ကို ဖတ်ကြားပြီးနောက် ထိုသို့ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများသည် အယူခံဝင်လိုကြပါက စီရင်ချက်ချမှတ်သည့်နေ့ဖြစ်သော ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ခုနစ်ရက်အတွင်း အယူခံဝင်နိုင်ကြောင်း ပြောကြားလိုက်လေသည်။

## နိဂုံး

(၁) ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံခြင်းသည် နိုင်ငံတော်ကို လုပ်ကြံခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါလုပ်ကြံမှုသည် နိုင်ငံတော်လုပ်ကြံမှုဖြစ်ပါသည်။

(၂) လူကိုလုပ်ကြံ၍ ရချင်ရမည်။ မှုကိုကား လုပ်ကြံပယ်ဖျောက်၍ ဘယ်သောအခါမှ မရစကောင်းပါကြောင်း အာဇာနည်နေ့အထိမ်းအမှတ် ကမ္ပည်းတင်အပ်ပါကြောင်း .....။

■

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၈ | နိုင်ငံတော်အလံ။ |
| ၁၉ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာ ကုန်စည်များ** | |
| ၂၁ | ပရဆေးများ။ |
| ၂၂ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၃ | ခါတ်မှန်ဖလင်ကော်ပြား၊ ဓါတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါ ကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများအဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၄ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၅ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၆ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၂၈ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၂၉ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၀ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypo-chloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၁ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံး ကိရိယာများ)။ |
| ၃၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၄ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၅ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသောပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင်အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၆ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၃၇ | ရေနံချေး။ |

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

(၄၅) **အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်** ဆိုသည်မှာ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၆/၉၆) အရ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂိုလ်ကိုဆိုသည်။

(၄၆) **အာမခံပရီမီယံ** ဆိုရာတွင် တစ်ဆင့်အာမခံနှင့် သက်ဆိုင်သည့် ပရီမီယံနှင့် ပြည်ပတွင်ထားရှိသည့် အာမခံနှင့် စပ်လျဉ်းသည့် အခြားပေးချေရန် ငွေကြေးပမာဏများ ပါဝင်သည်။ သို့ရာတွင် အသက်အာမခံပေါ်လစီအရ ပေးသွင်းရန်ရှိသည့် ပရီမီယံ မပါဝင်။

(၄၇) **ဒြပ်မဲ့ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် –

(ကက) ပုဒ်မ (၃)၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၂)၊ ပုဒ်မခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ) သို့မဟုတ် (ဃဃ)ပါ ပစ္စည်း သို့မဟုတ် အခွင့်အရေး၊

(ခခ) နာမည်ကောင်း။

(၄၈) **အတိုး** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် –

(ကက) အတိုး၊ လျှော့ငွေ၊ ပရီမီယံ၊ ဆုကြေး သို့မဟုတ် အခြားတစ်ခုခုအဖြစ် ဖော်ပြထားသည်ဖြစ်စေ၊ ဖော်ပြမထားသည်ဖြစ်စေ၊ ကာလအပိုင်းအခြားအလိုက်သော်လည်းကောင်း၊ တစ်လုံးတစ်ခဲတည်းသော်လည်းကောင်း၊ ငွေကြေးအသုံးပြုမှုအတွက် သို့မဟုတ် ပေးချေရန် အချိန်ပေးထားခြင်းအတွက် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏ၊

(ခခ) ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် ငွေကြေးပမာဏနှင့် လုပ်ဆောင်ချက်သဘောအားဖြင့်အလားသဏ္ဌာန်တူညီသော (functionally equivalent) ငွေကြေးပမာဏ၊

(ဂဂ) ပုဒ်မ ၄၀ အရ အတိုးအဖြစ်မှတ်ယူသည့် ငွေကြေးပမာဏ၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ကက)၊ (ခခ) သို့မဟုတ် (ဂဂ) တို့အရ အတိုးပေးရန် ပေါ်ပေါက်သည့်ကြွေးမြီ သို့မဟုတ် အခြားပဋိညာဉ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်နှင့်စပ်လျဉ်း၍ ပေးရန်ရှိသည့် ကတိကဝတ်ဆိုင်ရာ၊ အာမခံချက်ဆိုင်ရာ၊ ဝန်ဆောင်မှုဆိုင်ရာ သို့မဟုတ် အလားတူအခကြေးငွေ။

(၄၉) **နိုင်ငံတကာအဖွဲ့အစည်း** ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်များ သို့မဟုတ် အချုပ်အခြာအာဏာပိုင်အစိုးရများ အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အဖွဲ့အစည်းကို ဆိုသည်။

(၅၀) **ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရရန်ပိုင်ခွင့်များအား ပိုင်ဆိုင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘောသဘာဝချင်း ဆင်တူသည့် သို့မဟုတ် တစ်ခုတည်းအဖြစ် ပေါင်းစည်းအသုံးပြုသည့် ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရရန်ပိုင်ခွင့်များလည်းပါဝင်သည်။ ထို့ပြင် ယင်းစကားရပ်တွင်–

(ကက) အတိတ်ကာလတွင် ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင် ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလည်း ပါဝင်သည်၊ သို့ရာတွင်

(ခခ) လုပ်ငန်း သို့မဟုတ် အလုပ်အကိုင် မပါဝင်။

(၅၁) **လိုင်စင်ရငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၀/၂၀၁၆) အရ မြန်မာနိုင်ငံအတွင်း၌ ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် လိုင်စင်ထုတ်ပေးထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းကိုဆိုသည်။

(၅၂) **ကာလရှည်ငှားရမ်းမှု** ဆိုသည်မှာ အောက်ပါ ငှားရမ်းမှုတစ်ခုခုကိုဆိုသည် –

(ကက) သုံးနှစ်ထက်ပိုမိုသည့်ကာလအတွက် ငှားရမ်းမှု၊

(ခခ) ငှားရမ်းမှုကို သက်တမ်းမတိုးစေကာမူသက်တမ်းတိုးရန် လုပ်ဆောင်နိုင်သည့် နည်းလမ်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုမိုသည့် နည်းလမ်းများ ပါဝင်သည့်အတွက် စုစုပေါင်းငှားရမ်းကာလသည် သုံးနှစ်ထက်ပိုမိုသည့် ငှားရမ်းမှု။

(၅၃) **စီမံခန့်ခွဲမှုအခ** ဆိုသည်မှာ စီမံခန့်ခွဲမှုဆိုင်ရာ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ပေးခြင်းအတွက် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏတစ်ရပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်အကိုင်မှဝင်ငွေ မပါဝင်။

(၅၄) ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **အဖွဲ့ဝင်** ဆိုသည်မှာ စုဝေးဖွဲ့စည်းထားသည့်အဖွဲ့တစ်ခု၏ အစုရှင်၊ ဖောင်ဒေးရှင်းတစ်ခု၏ အကျိုးခံစားသူ၊ အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်၊ ယုံကြည်အပ်နှံမှုတစ်ခု၏ အကျိုးခံစားသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ (unitholder) သို့မဟုတ် ကုမ္ပဏီတစ်ခုတွင် အဖွဲ့ဝင်အကျိုးစီးပွားရှိသည့် အခြားမည်သည့်ပုဂ္ဂိုလ်မဆိုကိုဆိုသည်။

(၅၅) ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **အဖွဲ့ဝင်အကျိုးစီးပွား** ဆိုသည်မှာ စုဝေးဖွဲ့စည်းထားသည့် အဖွဲ့တစ်ခု၏ အစုရှယ်ယာ၊ ဖောင်ဒေးရှင်း သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခုရှိ အကျိုးစီးပွား၊ ယုံကြည်အပ်နှံမှုတစ်ခုရှိ အကျိုးစီးပွား သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခု၊ သို့မဟုတ် ကုမ္ပဏီတစ်ခုရှိ မည်သည့်ပိုင်ဆိုင်မှု အကျိုးစီးပွားမဆိုကိုဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတီတီ (ခ) ဦးပန်းသီး
## Apex Jade & Jewellery (ဗိုလ်ချုပ်ဈေး)
## အသက် (၅၉) နှစ်

ဗန်းမော်မြို့၊ မြို့မရပ်၊ မ/၇၂နေ ဦးကြည်၊ ဒေါ်ကျန်းကွေဖန်တို့၏သားကြီး၊ ဗန်းမော်မြို့ ဦးသက်လွင်ဦး၊ ဒေါ်မြင့်ဝေတို့၏မောင်၊ ဦးအာလူး၊ မအားပျော့ ဦးဖိုးလုံးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ် (၁၂-ဘီ)၊(၁၀၁)လမ်းနေ ဒေါ်စိန်စိန်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဟိန်းသီဟ၊ မပိုးအိချစ်တို့၏မွေးသဖခင် ကျေးဇူးရှင်သည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (၁၀၁-လမ်းနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဥပဒေပါမောက္ခ ဦးလှအောင်
## နိုင်ငံတော်ရှေ့နေချုပ် (ငြိမ်း)
## အသက်-(၉၇) နှစ်

ပါမောက္ခဆရာကြီး ဦးလှအောင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားပါမောက္ခများဖြစ်ကြသော ဒေါ်ရင်ရင်မြင့်၊ ဒေါက်တာဒေါ်သန်းနွဲ့၊ ဒေါ်တီတီချို၊ ဒေါ်ဝေဝေကြည်၊ ဒေါ်ကျင်ဦး။**

**အငြိမ်းစားကထိကများဖြစ်ကြသော ဒေါ်ခင်မြ လွင်၊ ဒေါ်ခင်မာကြူနှင့် 1st to 5 th Batch, B.A (Law) LL.B ဥပဒေ ကျောင်းသား/ကျောင်းသူဟောင်းများ။**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအေးကြူ (မြိတ်)
## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)လမ်း၊ အမှတ်(၆၂)၊ ပထမထပ်နေ ဒေါ်လှမေ၏ခင်ပွန်း၊ ဒေါ်ခင်ရီ (ဒုလက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ BPI)၏ခဲအို၊ ဒေါ်ရီတင်၏အစ်ကို၊ ဒေါ်တင်မာအေး၊ ဦးဇော်ဝင်း-ဒေါ်သင်းသင်းစိန်၊ (ဦးသန့်ဇင်)-ဒေါ်ခင်စိုးစံ(ပြင်ဦးလွင်ဆေးရုံ)၊ ဒေါ်သန္တာအေး-ဦးလင်းထိုက်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဘုန်းပြည့်ပိုင်မင်းခန့်(လိုတရ)၏ ချစ်လှစွာသော အဘိုးသည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)လမ်း၊ အမှတ်(၆၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းသိန်း (ခ) ကိုငယ်လေး (လေထန်ကုန်း)
## အသက် (၅၃) နှစ်

ကျောက်တံတားမြို့နယ်၊ (၁) ရပ်ကွက်၊ (၃၃)လမ်း၊ အမှတ် (၁၅၉)၊ (ဒုထပ်-ဝဲ)နေ (ဦးညွန့်သိန်း)-ဒေါ်သန်းလှတို့၏သား၊ ဦးမျိုးသိန်း-ဒေါ်တင်မြင့်ခိုင်၊ ဦးကျော်ကျော်သိန်း-ဒေါ်လှကြူတို့၏ ညီ၊ မောင်ထွန်းထွန်းကျော်၊ မောင်ကောင်းထက်မျိုးတို့၏ဦးလေး၊ မန္တလေးမြို့၊ စိတ္တရမဟီရပ်၊ စစ်ကဲကြီးဝင်းနေ ကိုကျော်ဇင်သိန်း-မသက်မာစိုး၊ ကိုမြင့်နိုင်-မဝါဝါထွန်း၊ ကိုတင်ထွန်းအောင်တို့၏ အစ်ကို ဦးသန်းသိန်း(ခ)ကိုငယ်လေး (လေထန်ကုန်း)သည် ၁၇-၇- ၂၀၂၀ ရက် နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဝဇီရာရုပ်ရှင်ရုံရှေ့မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာဝေ
### B.E.(Civil 1975)
### နည်းပြ(ငြိမ်း)၊ အဆောက်အအုံဌာန၊ အမှတ်(၃)ဒေသကောလိပ် (ရန်ကုန် ကြည့်မြင်တိုင်နယ်မြေ)/ ကထိက-ဌာနမှူး (ငြိမ်း)၊ မြို့ပြအင်ဂျင်နီယာဌာန၊ ကလော-တောင်ငူ GTI
## အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်မြေသာစည် (၁)လမ်း၊ အမှတ် (၃၃) နေ (ဦးကြည်လေး-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးမြင့်သောင်း (Chief Engineer, E.W/Apex Co., Ltd)၏ဇနီး၊ (ဦးသန်းအောင်)-ဒေါ်မြင့်မြင့်စိန်တို့၏ အစ်မ၊ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်စုံ-ဒေါ်ခိုင်မာမြင့်ဝေ (KKစတိုး)၊ ဦးဘုန်းဝေမြင့်(Procurement Manager, Heineken Myanmar Co., Ltd) – ဒေါ်သွယ်ဇင်မွန်မောင် (Assistant Manager, Sale & Marketing, KTK Electrical Engg Co., Ltd.) တို့၏ မွေးသမိခင်ကျေးဇူးရှင် မောင်ခန့်မှူးပြည့် (ချင်းတွင်းကောလိပ်)၏ အဘွားသည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁ နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၈-၇-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီမှ ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာလှမျိုးခင်
## အသက် (၆၅)နှစ်

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာလှမျိုးခင် အသက် (၆၅) နှစ်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးကို-ဒေါ်နန်းမြင့်မြင့်စိုး**
**Myanmar Golf Association (Thailand)**
**Family Aye Ko Construction Co.,Ltd**
**AK Construction & Industry Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာလှမျိုးခင်
## အသက် (၆၅)နှစ်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာရဲလွင်၏ ချစ်လှစွာသော ဇနီး ရဟန်း၊ ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာ လှမျိုးခင်သည် ၁၇-၇-၂၀၂၀ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**M-Development City Co., Ltd**
**ဝန်ထမ်းမိသားစုများ**

---

## ဦးမောင်မောင်ကြည် (စာရေးဆရာချစ်နွေမိုး)
### ကြည့်မြင်တိုင်မြန်မာစာပေချစ်မြတ်နိုးသူများအသင်း (ဥက္ကဋ္ဌ)
### ကြည့်မြင်တိုင်စာရေးဆရာအသင်း (ဥက္ကဋ္ဌဟောင်း)
### သူရိယအလင်းဂျာနယ်၊ အင်ပါယာသတင်းစာ၊ ရွှေပြည်တော် (မှုခင်းနှင့်သတင်းစုံ) ဂျာနယ်အယ်ဒီတာ
### စာပေဗိမာန်စာမူ (ပထမ)ဆုရ
## အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်းနေ (ဦးစု-ဒေါ်စိန်တင်)တို့၏သားကြီး၊ ထန်းတပင်မြို့နယ်နေ (ဦးလှမြင့်-ဒေါ်သန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ရင်ရင်ကြည် (မြို့နယ်ပညာရေးမှူး-ငြိမ်း)၊ ဦးခင်မောင်ကြည်-ဒေါ်ဝါဝါရွှေ၊ ဦးမင်းအောင်(Chief Engineer)-ဒေါ်အေးအေးကြည်၊ ဦးတင်မျိုး-ဒေါ်ငွေငွေကြည်တို့၏အစ်ကိုကြီး၊ မောင်ကျော်ဇင်ဦး-မစုစနိုးနှင်း၊ မောင်နေဝင်းနိုင်တို့၏ဖခင်၊ တူ/တူမ လေးယောက်တို့၏ဘကြီး၊ ဒေါ်ကြည်ကြည်ဝေ၏ခင်ပွန်း ဦးမောင်မောင်ကြည် အသက် (၆၅) နှစ်သည် ၁၇-၇-၂၀၂၀ ရက် နံနက် ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၄၅၅၊ သုံးလွှာ၊ သမိုင်း-၈ လမ်း ၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဖြိုးသက်
## အသက် (၃၃) နှစ်

ဒေါ်ချစ်နှင်းဝေ [လ/ထကြီးကြပ်ရေးမှူး၊ OPD ဌာန၊ ရွှေဂုံတိုင်ဆေးရုံ (SSC)]၏ခင်ပွန်း ဦးဖြိုးသက် အသက် (၃၃) နှစ်သည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**BOD အဖွဲ့နှင့်ဝန်ထမ်းမိသားစုများ**
**ရွှေဂုံတိုင်ဆေးရုံ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျော့ကျော့ခိုင်
## အသက် (၃၈) နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
### လမ်းဦးစီးဌာန
### ဆောက်လုပ်ရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ထွန်း၏ဇနီးဖြစ်သူ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဒေါ်ကျော့ကျော့ခိုင်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

---

### အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ အလက(ယုဇန)၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော အဖ ဦးထွန်းတင်၏သမီး မမြဖူးအိမ်အား မမြတ်အိမ့်အိမ့်ချစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အ.ထ.က-သိလ္လာ၊ န၀မတန်းမှ မမာလာဝေ၏ ဖခင်အမည်မှန်မှာ ဦးဆိုင်းဝေ [၁၄/မမန(နိုင်)၂၅၅၆၀၁]ဖြစ်ပါသည်။

### ရှာဖွေ
အိမ်ခြံမြေအကျိုးဆောင်
ခဂုံမြို့သစ်(တောင်ပိုင်း။ ဆိပ်ကမ်း။ မြောက်ပိုင်း။၊အရှေ့ပိုင်း)
မြေကွက်များဝယ်လိုသည်။
၀၉-၄၃၁၁၇၉၇၄၇

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာလှမျိုးခင်

## အသက် (၆၅)နှစ်

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာရဲလွင်၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာလှမျိုးခင် အသက်(၆၅)နှစ်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃:၄၀ နာရီတွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျော့ကျော့ခိုင်

**လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အသက် (၃၈) နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ထွန်း၏ဇနီးဖြစ်သူ ဒေါ်ကျော့ကျော့ခိုင်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊**
**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း/အမှုထမ်းများ**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

**ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ငြိမ်း) (မြိတ်) (၉၂) နှစ်**

**သက်ကြီးကန်တော့ခံ၊ အသင်းဝင်အမှတ်(၆၃၆)**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၃၀) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၆)နေ (ဒေါ်တင်နွယ်)၏ခင်ပွန်းသည် ၁၆-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက**
**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

## ဘဒ္ဒန္တစတိလ

## သိက္ခာတော် (၈၀)၊ သက်တော် (၁၀၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ အောင်စေတီလမ်း၊ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၊ ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစတိလ သိက္ခာတော် (၈၀)၊ သက်တော် (၁၀၁)နှစ် မဟာထေရ်မြတ်ဆရာတော်ဘုရားကြီးသည် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်) ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂၁-၇-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် အန္တိမစျာပနကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးတပည့်သံဃာ၊ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးချစ်ဦး (လော)

**ဌာနမှူး (ငြိမ်း)၊ သင်တန်းရေးရာဌာန၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်**

## အသက် (၈၀)

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြည်ကြည်စိမ်း (လော)

**အထက-၂၊ ပျဉ်းမနား၊ အထက-၁ အင်းစိန်၊ အထက-၆ ပုသိမ်**

## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၅၁)၊ တိုက်(၂၁)၊ သုံးလွှာနေ ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် COVID-19 ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ အချိန်ပြည့်စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေသော ပါမောက္ခဒေါက်တာစပယ်ဖြူ (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ အထူးကုဆေးရုံ-ဝေဘာဂီ)၏ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်ကြည်ကြည်စိမ်းသည် ၁၀-၇-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီအချိန်တွင်လည်းကောင်း၊ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးချစ်ဦးသည် ၁၅-၇-၂၀၂၀ ရက် နံနက် ၂:၀၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲမှုများဖြစ်ရပါသည်။

**ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာဒေါ်နန်းခမ်းမိုင်မိသားစု**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အနိစ္စ**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ငြိမ်း) (မြိတ်)

**ကြည်း-၇၃၇၈၊ ဗိုလ်သင်တန်းအမှတ်စဉ် (၁၆)**
**ဦးစီးအရာရှိ (ပထမတန်း) စစ်ရေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်**
**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် (ငြိမ်း)**

## အသက် (၉၂) နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ (ဦးပျိုသိမ်းအုံ-ဒေါ်ချမ်းရွှေ)တို့၏သား၊ (ဦးနွဲ့အုံ-ဒေါ်ထွန်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ်(၂၆)၊ ယုဇနလမ်း၊ (၃၀) ရပ်ကွက်၊ သုဝဏ္ဏနေ (ဒေါ်တင်နွယ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းယု၊ ဦးနေစိုး-ဒေါ်စန္ဒာဝင်း၊ (ဦးစိုးသူ)-ဒေါ်နွယ်နှောင်းဝင်း၊ ဦးသန့်စင်-Dr.ခိုင်သီသီဦး၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## ဦးအေးသောင်း

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအုပ်ကြီး၊ ယန္တရား (ငြိမ်း)**
**မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ အမှုဆောင်ကော်မတီဝင်**

## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၁)လမ်း၊ အမှတ်(၃၈)နေ (ဦးထွန်းဖေ-ဒေါ်သိန်းကြည်)တို့၏သား၊ (ဦးသန်းညွှန့်-ဒေါ်ကြွေ)တို့၏သားသမက်၊ ဒေါ်မြကြည်၏ခင်ပွန်း၊ ဦးမျိုးမြင့်-ဒေါ်စန်းစန်းနွဲ့၊ ဦးစိုးတင့်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးအောင်မင်း-ဒေါ်အေးအေးမြင့်၊ ဦးဝင်းနိုင်-[ဒေါ်တင်ရီ (ခ) ခင်ခင်]၊ ဦးယဉ်အောင်-ဒေါ်ပြုံးမမလွင်တို့၏မွေးသဖခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးအေးသောင်းသည် ၁၇-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၀၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၉-၇-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုံးတင် (B.A-B.Ed)

**အငြိမ်းစားကျောင်းဆရာမကြီး**

## အသက် (၈၂) နှစ်

(ဦးစံခိုင်-ဒေါ်သင်း)တို့၏ သမီး၊ (ဦးစိန်-ဒေါ်ရီ)တို့၏ သမီးချွေးမ၊ ဦးငွေးလွင်ထွန်း (လ/ထညွှန်မှူး၊ အကျဉ်းဦးစီးဌာန၊ နေပြည်တော်)-ဒေါ်အေးမီ(အလပြ-ငြိမ်း)၊ ဦးမောင်-ဒေါ်အေးမူ၊ ဦးဉာဏ်ထွန်းဝင်း (ခ) ဗိုလ်ဉာဏ်(မှူခင်းသတင်း)၊ ဒေါ်မေမေခင်၊ ဦးကျော်ကျော်ဆန်း(စက်မှု-MNA၊ ရန်ကုန်)-ဒေါ်စီစီအေး(အထက-၃၊ ပဲခူး)၊ ဦးရန်လင်းမောင်(ဒု/ဦးစီးမှူး၊ ITC -ပဲခူး)-ဒေါ်ငယ်ငယ်ဆောင်းတို့၏မိခင်၊ ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ပုဏ္ဏားစု(၄)လမ်း၊ အမှတ်(၁၀၅၅)နေ [ဦးဆောင်း(စား/ဖျော်-ငြိမ်း)] ၏ ချစ်လှစွာသော ဇနီး ဒေါ်အုံးတင်သည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနေဝင်း (R/O)

## အကောက်ခွန် (ငြိမ်း)

## အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏစုပေါင်းအိမ်ရာ၊ (၂၃)ရပ်ကွက်၊ အမှတ်(၇/၂)၊ ခရေမြိုင်လမ်းနေ ဦးတင်ဝင်း-(ဒေါ်တင်တင်ဦး)တို့၏သား၊ ဦးဇော်ဝင်း-ဒေါ်အေးအေးဖြူတို့၏ ညီ/မောင်၊ ဒေါ်ချိုချိုဝင်း(Total Myanmar-ငြိမ်း)၊ ဒေါ်စိုးစိုးဝင်း-Mr. Tony Cole၊ ဒေါ်နုနုဝင်း-ဦးမြတ်ခိုင်၊ ဒေါ်ဆွေဆွေဝင်း(Total Myanmar)-ဦးအေးမင်းဦး(DPS)တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်စီ၏ခင်ပွန်း၊ အမှတ်(၂၁၇/၂၁၈)၊ သာယာရွှေပြည်လမ်း၊ (၄၈) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်သန္တာနေဝင်း-Mr.Bruce Coleတို့၏ချစ်လှစွာသောဖခင်၊ မမြသန့်ဦး၊ မခိုင်မွန်ဦး၊ မောင်ကိုကိုဝင်းတို့၏ဘကြီး၊ မသဉ္ဇာနေဝင်း၊ မောင်သန့်ဇော်နေဝင်းတို့၏ အဘိုးသည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၈:၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ရွှေ (ခ) ဒေါ်ခင်ခင်

## အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ (၅၁)လမ်း၊ တိုက် (၁၃၀)၊ အခန်း(၁၀၄)၊ ပထမထပ်နေ (ဦးတိုးလှိုင်-ဒေါ်ခင်မြိုင်)တို့၏သမီး၊ (ဦးငွေဘော်)၏ဇနီး၊ (ကိုထွန်းအောင်ဘော်)၊ မစိုးစိုးဘော်၊ (မလှိုင်လှိုင်ဘော်)တို့၏ချစ်လှစွာသောမိခင်၊ ကိုနန္ဒအောင်၊ Riasat Ali Khan-မနန္ဒာလှိုင်တို့၏အဘွား၊ Ashman Ali Khan ၏ဘွားဘွားကြီး ဒေါ်ကျင်ရွှေ (ခ) ဒေါ်ခင်ခင်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၂၀ (အင်္ဂါနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာလှမျိုးခင်

## အသက် (၆၅) နှစ်

မန္တလေးမြို့၊ လမ်း(၈၀)၊ ၁၄ လမ်းနှင့် ၁၅ လမ်းကြား၊ အမှတ်(၁၄၆)နေ (ဦးတင်လှ-ဒေါ်ခင်မမ)တို့၏သမီး၊ (ဦးမောင်မောင်မြင့်-ဒေါ်ခင်ဆွေတင်)၊ (ဦးအောင်ကျော်တင်)-ဒေါ်ခင်ခင်မြတို့၏ ညီမ၊ ဒေါက်တာနိုင်လွင်၏ချစ်လှစွာသောမွေးသမိခင်၊ မဖူးမြတ်သံသာလွင်၊ မောင်ထူးမြတ်လွင်တို့၏ ချစ်လှစွာသောအဘွား၊ တူ/တူမလေးယောက်တို့၏အဒေါ်၊ ဒေါက်တာရဲလွင် (မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး)၏ ချစ်လှစွာသော ဇနီး ဒေါက်တာလှမျိုးခင် အသက်(၆၅)နှစ်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၈-၇-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသက်ထွန်း

**လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တော**
**အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး (ငြိမ်း)**

## အသက် (၆၂) နှစ်

[ဦးသာမြ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ (ဦးဘုန်းကျော်-ဒေါ်နှင်းခင်)တို့၏သားသမက်၊ ဒေါ်နှင်းနှင်းရီ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော်(တတိယနှစ်၊ ဥပဒေ)၊ မယမင်းသက်တို့၏ဖခင်သည် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ (၃)လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်(၃၁)၊ အခန်း(၂၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြတ်သူ (စမ်းချောင်း)

**A.G.T.I (MP) မန္တလေး**
**အထက(၃) စမ်းချောင်းကျောင်းသားဟောင်း**
**The Tokyo Enterprice Co.,Ltd**

## အသက်(၅၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၆)နေ (ဦးကျော်စိုး)-ဒေါ်မြစန်းတို့၏သား၊ (ဦးအောင်ဘော်)-ဒေါ်သန်းသန်းစိန်တို့၏ သားသမက်၊ ဒေါ်မေမိုးခိုင်၏ခင်ပွန်း၊ မသင်းသူသူနိုင်၊ မောင်မြတ်ဘုန်းသော်တို့၏ဖခင်၊ ဦးကျော်စံလွင်-ဒေါ်ခင်ခင်ငွေး (လှိုင်Own Shop)တို့၏မောင်၊ ဒေါက်တာညီညီ(ကထိက၊ အဝေးသင်တက္ကသိုလ်)-ဒေါက်တာဥမ္မာသက်ကျော်(ကထိက၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဝေလွင်ဦး-ဒေါ်ခင်ခင်ထွေး (ခ) မညိုတို့၏အစ်ကို ဦးအောင်မြတ်သူသည် ၁၆-၇-၂၀၂၀ ရက် ည ၈:၀၆ နာရီတွင် ခြံ(၂၇)၊ အခန်း(၅၇)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေအိမ်၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (စမ်းချောင်းမြို့နယ်နေအိမ်မှကားများ နံနက်၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမင်းမင်းစိုးနိုင် (ခ) ဦးနေမင်းခ

## အသက် (၄၁) နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ ဦးစိုးနိုင်-ဒေါ်ခင်အေးနွယ်တို့၏သား၊ မောင်ဆန်းသစ်ထူး-မအေးပိုပိုနိုင်၊ နေပြည်တော်၊ သာဝတ္ထိမြို့၊ လယ်ဝေးမြို့နယ်၊ ကြံဖိုစုကျေးရွာနေ ဦးကျော်အေးလွင်-မသင်းသင်းအေးနိုင်တို့၏ အစ်ကို၊ မချိုချိုသွင်၏ခင်ပွန်း၊ မသွန်းသက်မှူးအိမ်၏ဖခင်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ဝေးမြို့နယ်၊ ကြံဖိုစုကျေးရွာနေအိမ်မှ ကြံဖိုစုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီး ဝင်းထွဋ် (ငြိမ်း) (OTS-85၊ သီဟတပ်ခွဲ)

## အသက် (၅၄) နှစ်

ရမည်းသင်းမြို့နယ်နေ ဒေါ်နီနီအောင် (မြသိင်္ဂီဖက်ရှင်စတိုး)၏ ခင်ပွန်း၊ မောင်အောင်ကောင်းထွဋ် (3rd Dental, MDY)၊ မောင်မင်းသွေးထွဋ်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဗိုလ်ကြီးဝင်းထွဋ် (ငြိမ်း) အသက် (၅၄)နှစ် သည် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) (နေပြည်တော်)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

# ၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC Channel)၊ MITV၊ မြဝတီရုပ်မြင်သံကြား(MWD)၊ Skynet Up to Date၊ Channel 9၊ MNTV၊ One News၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် MRTV Webportal Facebook စာမျက်နှာများမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲ ကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မိတ်ဖက်များဖြစ်ကြပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် ကော်မရှင်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

# စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၇

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာ အမျိုးသားလေကြောင်း(MNA)ဖြင့် (၁၁)ကြိမ်မြောက် ကယ်ဆယ်ရေး လေယာဉ်ပြေးဆွဲလျက် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❐**

## FA Cup Semi Final ဘောလုံးပွဲစဉ်များအား MRTV နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၇

အင်္ဂလန် FA Cup Semi Final ပွဲစဉ်များအဖြစ် အာဆင်နယ်အသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့၏ ပွဲစဉ်ကို ဇူလိုင် ၁၉ ရက် တနင်္ဂနွေနေ့ နံနက် ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ မန်ချက်စတာယူနိုက်တက် အသင်းနှင့် ချဲလ်ဆီးအသင်းတို့၏ ပွဲစဉ်များကို ဇူလိုင် ၁၉ ရက် ည ၁၁ နာရီခွဲတွင် လည်းကောင်း MRTV နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ဖတ်စရာ

**ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)မှ ဓာတ်ပုံမှတ်တမ်းများနှင့် ပြခန်းများ** စာမျက်နှာ » ၉

**ဗီယက်နမ်၌ စာနယ်ဇင်းပြတိုက် ဖွင့်လှစ်** စာမျက်နှာ » ၁၂



**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ » ၁၅